ကြေးမုံ
The Mirror
၁၃၇၀ပြည့်နှစ်၊ ဦးတန်ခူးလဆန်း ၁၂ရက်၊ ကြာသပတေးနေ့(17-4-2008) (၅၆၅၁)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
ဆီးရီးယားအာရပ်သမ္မတနိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၁၇

၂၀၀၈ ခုနှစ် ဧပြီ ၁၇ ရက်တွင် ကျရောက်သော ဆီးရီးယားအာရပ် သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဆီးရီးယားအာရပ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘာရှာအယ်(လ်) အာဆတ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

● အခြေခံဥပဒေ အတည်ပြုရေးသည် ယနေ့ ပြည်သူအားလုံး၏ အမျိုးသားရေးတာဝန် ဖြစ်သည်။ အမျိုးသားရေးအကျိုး လိုလားသူတိုင်း ထောက်ခံမဲပေးကြစို့။

နှစ်သစ်တွင်
ကောင်းမှုအဖြာဖြာတို့ကိုမမေ့လျော့နှင့်

၁၃၇၀ ပြည့်နှစ် တန်ခူးလဆန်း ၁၂ရက် မြန်မာနှစ်ဆန်းတစ်ရက် (ယနေ့)သည် မြန်မာတို့အဖို့ နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်သို့ စတင်ကူးပြောင်းရောက်ရှိသည့် မင်္ဂလာရှိသော နေ့တစ်နေ့ဖြစ်သည်။ ထိုနေ့မှစ၍နှစ်သစ်တွင် စိတ်သစ်လူသစ်ဖြင့် ကောင်းခြင်းမင်္ဂလာ အဖြာဖြာနှင့် အောင်ခြင်းမင်္ဂလာ ဝေဆာပြည့်စုံရအောင် ဆက်လက်ဆောင်ယူအားထုတ်ကြရမည် ဖြစ်သည်။

နှစ်သစ်ကူးနှစ်ဦး၊ ရက်ထူး၊ ရက်မြတ်ကာလမှစ၍ မိမိတို့၏ ပဋိရူပအရပ်ဝန်းကျင်ဒေသတို့တွင် မင်္ဂလာအပေါင်းနှင့် ခညောင်းပြည့်စုံစေရန်အတွက် ဒုစရိုက်(၁၀)ပါးဖြစ်သည့် ကာယဒုစရိုက်သုံးပါး၊ ဝစီဒုစရိုက်လေးပါး၊ မနောဒုစရိုက်သုံးပါးတို့ကို ရှောင်ကြဉ်ပြီး ကိုယ်ဖြင့်စောင့်ရှောက်အပ်သော ကာယသုစရိုက်မှု၊ နှုတ်ဖြင့်စောင့်ရှောက်အပ်သော ဝစီသုစရိုက်မှုနှင့် စိတ်ဖြင့်စောင့်ရှောက်အပ်သော မနောသုစရိုက်မှုတို့ကို ထိန်းသိမ်း၊ ကျင့်ကြံအားထုတ်စောင့်ရှောက်ကြရမည် ဖြစ်သည်။ မမေ့မလျော့ မပေါ့မဆ ပြုကြရမည် ဖြစ်သည်။

ကုသိုလ်ကောင်းမှု၌ မမေ့မလျော့ရခြင်းနှင့်စပ်လျဉ်း၍ မြတ်စွာဘုရားရှင် ကောသမ္ဗီပြည်ဃောသိတာရုံ ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ်-

အပ္ပမာဒေါ အမတံပဒံ၊
ပမာဒေါ မစ္စုနော ပဒံ။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ○

နေပြည်တော် မဟာသင်္ကြန် Tour Gold Cup
ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပ

နေပြည်တော် ဧပြီ ၁၆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးသည် ယနေ့နံနက် ရေနာရီခွဲတွင် နေပြည်တော်ဂေါက်ကွင်း၌ ဧပြီ ၁၃ ရက် သင်္ကြန်အကျနေ့မှ ဧပြီ ၁၅ ရက် သင်္ကြန်ဒုတိယအကြတ်နေ့အထိ ကျင်းပခဲ့သော နေပြည်တော်မဟာသင်္ကြန် Tour Gold Cup **ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဆုရရှိကြသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်သည်။**

ပါဝင်ယှဉ်ပြိုင်

အဆိုပါ ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ကြီးဌာနများ၊ တိုင်းစစ်ဌာနချုပ်များ၊ ပြည်နယ်နှင့် တိုင်းများနှင့် ဂေါက်ကလပ်အသင်းများ အပါအဝင် ပြိုင်ပွဲဝင်အသင်း ၂၆ သင်းတို့မှ အားကစားသမား ၁၅၆ ဦးတို့ တက်ရောက်ကြသည်။

နေပြည်တော်မဟာသင်္ကြန် Tour Gold Cup ဂေါက်သီးရိုက်ပြိုင်ပွဲကို ဧပြီ ၁၃ ရက် သင်္ကြန်အကျနေ့မှ ဧပြီ ၁၅ ရက် သင်္ကြန်ဒုတိယအကြတ်နေ့အထိ နေပြည်တော်ဂေါက်ကွင်း၊ မြို့တော်ဂေါက်ကွင်းနှင့် ရေပြာဂေါက်ကွင်းတို့၌ ကျင်းပခဲ့ရာ ပြိုင်ပွဲတွင် ဝန်ကြီးဌာနများ၊ တိုင်းစစ်ဌာနချုပ်များ၊ ပြည်နယ်နှင့်တိုင်းများမှ အသင်းများနှင့် ဂေါက်ကလပ်အသင်းများပါဝင်သော ပြိုင်ပွဲဝင်အသင်း ၂၆ သင်းတို့မှ အားကစားသမား ၁၅၆ ဦးတို့ ပါဝင်ယှဉ်ပြိုင် ကစားခဲ့ကြသည်။

ဤပြိုင်ပွဲကို ဂေါက်သီးရိုက်အားကစား အဆင့်အတန်း မြင့်မားလာစေရေးနှင့် နေပြည်တော်ရှိ ဂေါက်ကွင်းများ အဆင့်အတန်းမြင့်မားစေရန် ရည်ရွယ်ချက်ဖြင့် ကျင်းပခဲ့ခြင်းဖြစ်ပြီး ပြိုင်ပွဲကို နှစ်စဉ် ကျင်းပသွားရန် စီစဉ်ထားကြောင်း သိရှိရသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး နေပြည်တော်မဟာသင်္ကြန် Tour Gold Cup **ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အကောင်းဆုံးအသင်းဆုရရှိသော သစ်တောရေးရာအသင်းအား နေပြည်တော်မဟာသင်္ကြန်** Tour Gold Cup **ဆုဖလားကြီးကို ပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၁၇-၄-၂၀၀၈
ကြာသပတေးနေ့

မြန်မာနှစ်ဆန်းတစ်ရက် နှစ်သစ်ကူးအခါသမယ အေးချမ်းသာယာကြည်သာချမ်းမြေ့စေကြောင်း မေတ္တာပွားများ

ယနေ့သည် မြန်မာ့နှစ်ဦး နှစ်သစ်ကူး မြန်မာနှစ်ဆန်းတစ်ရက်နေ့ဖြစ်သည်။ နှစ်ဟောင်းလွန်မြောက် နှစ်သစ်သို့ ကူးပြောင်းရောက်ရှိသော မင်္ဂလာအခါသမယဖြစ်၍ ကြည်သာရွှင်လန်း သာယာချမ်းမြေ့သောနေ့ရက်ဖြစ်သည်။

မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ရက်များအတွင်း မြန်မာပြည်သူတို့ ချမ်းမြေ့ကြည်နူးပျော်ရွှင်စွာ ရေစင်သွန်းလောင်း၍ နှစ်သစ်ကူးပွဲတော်ကို စည်စည်ကားကား ခြိမ့်ခြိမ့်သဲသဲ ဆင်နွှဲခဲ့ကြပြီးဖြစ်သည်။ ရေ၏အေးမြခြင်း၊ ကြည်လင်ခြင်း၊ သန့်စင်ခြင်း သဘောသဘာဝအရ သင်္ကြန်အတာရေသည် လူတိုင်းကို အေးမြစေသည်။ ရင်းနှီးခင်မင် စိတ်ကြည်လင်ချမ်းမြေ့မှုကို ရရှိစေသည်။ ထို့အပြင် နှစ်ဟောင်းမှ အညစ်အကြေးများ ကင်းစင်လွင့်ပျောက်၍ နှစ်သစ်အတွက် စိတ်သစ်၊ အင်အားသစ်များကို ဖြစ်ပေါ်စေပေသည်။

မင်္ဂလာရှိသော မြန်မာနှစ်ဦး နှစ်သစ် နှစ်ဆန်းတစ်ရက်နေ့ အခါသမယတွင် ပြည်သူအပေါင်းတို့သည် ကောင်းမြတ်သော ကာယကံ၊ ဝစီကံ၊ မနောကံသုံးပါးတို့ဖြင့် ပြုဖွယ်ပြုရာမှန်သမျှကို ကြိုးပမ်းအားထုတ်ကြသည်။ ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့က စေတီပုထိုး၊ဘုရားကျောင်းကန်များသို့သွားရောက်၍ဥပုသ်သီလဆောက်တည်ခြင်း၊ တရားဘာဝနာ အားထုတ်ခြင်း၊ မေတ္တာတရားပွားများခြင်းတို့ကို ပြုကြမြဲဖြစ်သည်။

နှစ်ဆန်းတစ်ရက်နေ့ဖြစ်သည့် အားလျော်စွာ ဗုဒ္ဓရုပ်ပွားတော်များအား အမွှေးနံ့သာရည်ဖြင့် ရေသပ္ပာယ်ခြင်း၊ အချို့က စေတီပုထိုးများအား ထုံးသင်္ကန်းကပ်လှူခြင်း ကောင်းမှုပြုကြသည်။ အချို့က ရေတွင်းရေကန်များ ဆယ်သန့်ခြင်း၊ ရပ်ထဲရွာထဲ၌ လမ်းဖို့ခြင်း၊ တံတားပြုပြင်မွမ်းမံခြင်း၊ အမှိုက်သရိုက် ရှင်းလင်းခြင်းများ ဆောင်ရွက်၍ ကုသိုလ်ယူကြသည်။

နှစ်ဆန်းတစ်ရက်နေ့တွင် လူငယ်လူရွယ်တို့က မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာနှင့်အညီ လူကြီးမိဘ ဆရာသမားတို့အား ကန်တော့ကြသည်။ သက်ကြီးရွယ်အို အဘိုးအဘွားတို့အား သောက်သုံးရေ၊ ချိုးရေတို့ဖြင့် ကန်တော့ခြင်း၊ ခေါင်းလျှော်ပေးခြင်း၊ လက်သည်း ခြေသည်းများ လှီးဖြတ်ပေးခြင်းတို့ဖြင့် ဂါရဝပြု ကုသိုလ်ယူကြသည်။

မြန်မာ့နှစ်သစ်နှစ်ကူး နှစ်ဆန်းတစ်ရက်နေ့ အခါသမယသည် သစ်လွင်သန့်ရှင်းပြီး ငြိမ်းချမ်းသာယာခြင်းများ လွှမ်းခြုံလျက်ရှိသည်။ ပြည်သူအများ ကုသိုလ်ဒါနပြုကာ နှစ်သစ်တွင် ကိုယ်စိတ်နှစ်ဖြာကြည်သာရွှင်ပြချမ်းမြေ့ကြပြီး အမျိုးဘာသာ သာသနာကောင်းကျိုး စိတ်သစ် အားမာန်သစ်ဖြင့် ထာဝစဉ်သယ်ပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာ ပွားများလိုက်ပါသည်။ ။

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရောဝတီတိုင်းမြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ဖွင့်ပွဲ ကျင်းပ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ တက်ရောက် ဖွင့်လှစ်

နေပြည်တော် ဧပြီ ၁၆

အနောက်တောင်တိုင်းစစ်ဌာနချုပ်၊မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၁၂ရက် နံနက် ရနာရီခွဲက ပုသိမ်မြို့အနောက်တောင်တိုင်းစစ်ဌာနချုပ် တပ်နယ်မိသားစုဗဟိုမဏ္ဍပ်၌ ကျင်းပရာ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေနှင့် ဇနီး ဒေါ်ဝင်းဝင်းမော်၊ တိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးများနှင့်ဇနီးများ၊ တိုင်းအဆင့် ဌာနဆိုင်ရာများနှင့် ယိမ်းအဖွဲ့များ၊ အရာရှိ၊ စစ်သည် အိမ်ထောင်စုဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးနှင့် ဇနီး၊ အရာရှိကြီးများ၊ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ ယိမ်းအဖွဲ့များက ဗဟိုမဏ္ဍပ်သတ်မှတ်နေရာ အသီးသီးတွင် နေရာယူပြီး တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေက မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်အား ဖွင့်လှစ်ကြောင်း ကြေညာပေးပြီးနောက် သင်္ကြန်ပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက်တိုင်းမှူးနှင့်ဇနီးတက်ရောက်လာသူများအားမြစ်ဝကျွန်းပေါ်ရောဝတီတေးသီချင်းနှင့်အတူ ယိမ်းအဖွဲ့များကစုပေါင်းကပြဖျော်ဖြေရာတိုင်းမှူးနှင့်ဇနီးတို့က ကပြဖျော်ဖြေသောယိမ်းအဖွဲ့များကိုလည်းကောင်း၊တိုင်းအဆင့်ဌာနဆိုင်ရာများအား လည်းကောင်း သပြေခက်ဖြင့် အတာရေ ပက်ဖျန်းပေးပြီး ကိုကိုတို့ မဟာသင်္ကြန်တေးသီချင်းဖြင့် သီဆိုကပြ ဖျော်ဖြေမှုကို ကြည့်ရှုအားပေးသည်။

အလားတူ ပုသိမ်မြို့ ကမ်းနားလမ်းရှိဗဟိုမဏ္ဍပ်၌ ရောဝတီတိုင်းမြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန်ဖွင့်ပွဲကို ညနေ ၄နာရီခွဲတွင် ကျင်းပရာ ရောဝတီတိုင်း အေးချမ်းသာယာရေးဖွံ့ဖြိုးရေးကောင်စီ**ဥက္ကဋ္ဌ**တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေကရောဝတီတိုင်း မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကိုဖွင့်လှစ်ပေးကာ ဇေယျာဝေဖြာရောဝတီသီချင်းဖြင့်ယိမ်းအဖွဲ့များက ကပြဖျော်ဖြေကြပြီး တိုင်းမှူးနှင့် ဇနီးတို့သည် ဌာနဆိုင်ရာတာဝန်ရှိသူများအား မဟာသင်္ကြန်ရေ အပြန်အလှန် သွန်းလောင်း ပက်ဖျန်းပေး၍ ယိမ်းအဖွဲ့လှပျိုဖြူများအား လိုက်လံနှုတ်ဆက်အားပေးကာ သင်္ကြန်ရေများပက်ဖျန်းပေးသည်။(သတင်းစဉ်)

ရောဝတီတိုင်း မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ဖွင့်ပွဲတွင် ရောဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ မဟာသင်္ကြန်ပွဲတော် ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

ယဉ်ကျေးလိမ္မာသင်တန်းနှင့် အင်္ဂလိပ်စာသင်တန်း

ရန်ကုန် ဧပြီ ၁၆

ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ် ဒိုင်းပြကုန်း ကျေးရွာတွင် ဒိုင်းပြကုန်း ကျောင်းတိုက်ပဓာနနာယကဆရာတော်၏ဩဝါဒကိုခံယူလျက်တိုက်အုပ်ဆရာတော် ဘဒ္ဒန္တဉာဏောဘာသ၏ စီစဉ်ဆောင်ရွက်မှုဖြင့်၁၃၇၀ပြည့်နှစ်တန်ခူးလပြည့်ကျော်(၁)ရက်မှကဆုန်လပြည့်နေ့အထိ သင်တန်းနည်းပြ အရှင်ဩဘာသ(သထုံ) B.A (Geog)က အခြေခံဗုဒ္ဓဘာသာယဉ်ကျေးသင်တန်းနှင့် အင်္ဂလိပ်စာ သင်ခန်းစာများကို သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ရန်ကုန်မြို့ သုဝဏ္ဏ ပုလဲလမ်းနေ ကွယ်လွန်သူ မိဘများအား ရည်စူး၍ ဦးတင်လှ-ဒေါ်သန်းနွဲ့ မိသားစုတို့ကဘိုးဘွားဆောင်သစ်ကြီး အတွက် ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့တွဲဖက်အတွင်းရေးမှူး ဦးသိန်းအောင်ထံပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

ပြင်သစ်နိုင်ငံပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဂ)ရပ်ကွက်၊ ဥက္ကာလမ်းမှ ACA ပညာရိပ်ငြိမ် တည်ထောင်ခြင်း (၂၅)နှစ်ပြည့်(ငွေရတု)နှင့် ဆရာကြီးဦးချိုအေး၏မွေးနေ့ အထိမ်း အမှတ်အဖြစ် ငွေကျပ် ၁၀၀၀၀၀ကို ဥက္ကဋ္ဌ ဦးရှိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

အာဂုံဆောင်နိကာယ်သင်တန်းဖွင့်မည်

ရန်ကုန် ဧပြီ ၁၆

ဗဟန်းမြို့နယ် ဓမ္မ သုခကျောင်းတိုက် အောင်သိဒ္ဓိကျောင်း စာချကထိက အာဂုံဆောင်ကျမ်းများနှင့် နိကာယ်အဖွင့်ကျမ်းများ ကျမ်းပြုဆရာတော် အရှင်စန္ဒဇောတိ (ပါဠိပါရဂူ၊ ပိဋကတ်တစ်ပုံဆောင်)သည် ဝိနယပိဋကတ်ကို အဓိကထားပို့ချမည့် ဒုတိယအကြိမ်မြောက် အာဂုံဆောင်နိကာယ်သင်တန်းကို ဧပြီ ၂၂ရက်မှ စတင်ပို့ချမည်ဖြစ်ရာ သင်တန်းတက်ရောက်လိုကြသော ရဟန်း၊ သာမဏေ၊ သီလရှင်နှင့် လူပုဂ္ဂိုလ်များသည် ဖုန်း-၃၈၀၈၇၅၊ ၃၈၃၄၂၇တို့သို့ စာရင်းပေးသွင်းနိုင်ကြောင်းနှင့် အစိုးရနိကာယ်စာမေးပွဲ ဖြေဆိုခွင့်ပုံစံများကြိုတင်လျှောက်ထားကြရန်လိုအပ်ကြောင်းသိရသည်။သင်တန်းတက်ရောက်ကြသောသံဃာတော်အပါး၁၀၀ကျော်တို့အား နေ့စဉ်ဆွမ်းနှင့်ကျမ်းစာအုပ် လှူဒါန်းလိုသူများ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (က-ပ)

ဆက်ကပ်လှူဒါန်း

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာ ကျောင်းဝင်းအတွင်း သံဃာ့သုခ သုံးထပ် ကျောင်းဆောင်နှင့် အခြားသော သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ကွယ်လွန်သူဇနီး (ဒေါ်ခင်စိန်ကြည်)အား ရည်စူး၍ တာမွေ မြို့နယ် ကျောက်မြောင်း-ကျားကွက်သစ်ရပ်ကွက် မလွကုန်းလမ်းနေ ဦးကျော်မြင့် - (ဒေါ်ခင်စိန်ကြည်)၊ သား-မောင်စိုးဇော်ဦး - မခင်မေဦး၊ သမီး-မမိုးပပကျော်၊ မစုရတီမိသားစုက အလှူငွေကျပ်တစ်သိန်းကို စမ်းချောင်းမြို့နယ်၊ မြေနီကုန်း ကျောင်းလမ်း နှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော်၊ အရှင်စာရိတ္တသီရိ (Ph.D.) (Thesis) (ဗုဒ္ဓဂယာ)ထံသို့ဆက်ကပ်လှူဒါန်းစဉ်။

(ကြေးမုံ)

○ ရှေ့ဖုံးမှ

အပ္ပမတ္တာ န မီယန္တိ၊
ယေ ပမတ္တာ ယထာ မတာ။

ဟူသည့် "အပ္ပမာဒေါ အမတံ ပဒံ" ဂါထာတော်ကို ဟောကြားတော်မူခဲ့လေသည်။

ထိုဂါထာ၏ အနက်အဓိပ္ပာယ်မှာ-

"ကုသိုလ်ကောင်းမှု၌ သတိမပေါ့ မမေ့လျော့ခြင်းသည် သေခြင်းကင်းပ နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်၏။ ကုသိုလ်ကောင်းမှု၌ သတိလွတ်ကင်း မေ့လျော့ခြင်းသည် မရှိဆုံးစ ဒုက္ခပူပန် အဖန်ဖန်သေရခြင်း၏အကြောင်းဖြစ်၏။ ကုသိုလ်ကောင်းမှု၌ မမေ့လျော့ကုန်သောသူတို့သည်(သေခြင်းကင်းပ)နိဗ္ဗာနကို ရကြမည်ဖြစ်၍ မသေသော သူတို့မည်ကုန်၏။ ကုသိုလ်ကောင်းမှု၌မေ့လျော့ကုန်သူတို့သည်(အသက်ပင် ထင်ရှားရှိနေသော်လည်း သံသရာဝယ် ချာချာလည်လျက် အဖန်ဖန်သေပွဲဝင်နေကြရဦးမည်ဖြစ်၍) သေသူနှင့်တူကုန်သည်သာလျှင်တည်း"ဟူ၍ဖြစ်သည်။

ကုသိုလ်ကောင်းမှု နည်းပါးပြီး မေတ္တာတရားလျော့ပါးကာ ညီညွတ်မှုပျက်ပြားနေသောကမ္ဘာပေါ်ရှိနေရာဒေသအချို့၌ ဒုက္ခပင်လယ်ဝေနေရသည့်ဖြစ်ရပ်များ၊ ဒုစရိုက်မှုကျူးလွန်သူတို့၏အနိဋ္ဌာရုံ ဖြစ်ရပ်ဆိုးများ၊ အားကြီးသူတို့က အားနည်းသူတို့အပေါ် အနိုင်ကျင့် ဗိုလ်ကျစိုးမိုးခံရမှု ဒုက္ခများကို ဝမ်းနည်းဖွယ်မြင် တွေ့နေရ၏။ ထိုဒေသ၌ နေသူတို့သည် အသက်ပင်ထင်ရှားရှိသော်လည်း သေသူနှင့် တူကုန်၏။

မေတ္တာတရားပွားများပြီး ဖြဟ္မစိုရ်တရား ထွန်းကားသော နေရာဒေသတို့ရှိပြည်သူတို့သည်ကောင်းမှုသုစရိုက်များ ပြုကျင့်ရ၍ နှလုံးစိတ်ဝမ်းအေးချမ်းပြီး ချမ်းသာစွာနေထိုင်ကြရ၏။ ထိုအရပ်ဒေသ၌ ရာဇဝတ်မှုနည်းပါးခြင်း၊ ဆင်းရဲဒုက္ခမရောက်ခြင်း၊ သက်သောင့်သက်သာလွယ်ကူစွာ ဥစ္စာရှာဖွေနိုင်ခြင်း၊ ရောဂါဘယ ကင်းဝေး၍ အသက်ရှည်စွာ နေထိုင်နိုင်ခြင်း၊ သက်တမ်းစေ့ နေထိုင်နိုင်ခြင်း စသည့် အကျိုးတရားများရရှိကြသည်။ ထိုဒေသ၌ နေသူတို့သည် မသေသောသူနှင့် တူကုန်၏။

ထို့ကြောင့် မေတ္တာ၊ ကရုဏာ၊ မုဒိတာ ဗြဟ္မစိုရ်တရားထွန်းကားပြီးသား အမိမြန်မာနိုင်ငံတွင် မင်္ဂလာရှိသော နှစ်သစ်ဦး ကာလမှစ၍ နိုင်ငံသူနိုင်ငံသားအားလုံးကမကောင်းမှုဒုစရိုက် (၁၀)ပါးကို ရှောင်ကြဉ်ပြီး ကောင်းသော သုစရိုက်တရားများကို မမေ့မလျော့ ဆက်လက်ကျင့်ကြံပွားများ အားထုတ်ကြခြင်းဖြင့် မင်္ဂဖိုလ်နိဗ္ဗာန်မရောက်မီစပ်ကြား နှလုံးစိတ်ဝမ်းချမ်းမြေ့စွာ၊ အေးချမ်းသာယာစွာ နေထိုင်နိုင်ကြမည်ဖြစ်ပေသည်။

နှစ်သစ်တွင် ကုသိုလ်တရားတိုးပွားပြီး နှလုံးစိတ်ဝမ်းချမ်းမြေ့ကြသည့် နိုင်ငံသူနိုင်ငံသားအားလုံးတို့သည် ဖြူစင်သောစိတ်ထားဖြင့် "အပ္ပမာဒေါ" ကောင်းမှုအဖြာဖြာ၌ သတိမပေါ့ မမေ့လျော့ခြင်းကြောင့် အမှန်နှင့်အမှား၊ အကောင်းနှင့်အဆိုး၊ အပြုနှင့်အဖျက်၊ အဖြူနှင့် အမည်းတို့ကို ကွဲကွဲပြားပြား ခွဲခွဲခြားခြား စိတ်ဖြာလာနိုင်မည်ဖြစ်သည်။ အမှား၊ အဆိုး၊ အဖျက်၊ အမည်းတို့ကို ကျော်ခိုင်းပြီး အမှန်၊ အကောင်း၊ အပြု၊ အဖြူတို့ဆီသို့ ဦးတည်သွားနိုင်ခြင်းဖြင့် မိမိတို့နေထိုင်ရာ နိုင်ငံအတွင်း အေးချမ်းသာယာစွာ ဆက်လက်ရပ်တည်နေထိုင်နိုင်ကြမည်ဖြစ်သည်။

သောမန

ပညာရှိသည် သတိဖြင့် အမြဲကြည့်၏

ပညာရှိတို့သည် မမေ့မလျော့သော သတိတရား လက်ကိုင်ထားခြင်းဖြင့် စိုးရိမ်ကြောင့်ကြမှု ကင်းသည်။ ထို့အပြင် သူမိုက်တို့၏ အပြစ်ကိုပင် တွေ့မြင်ပါက ဆင်ခြင်သုံးသပ် ပြုပြင်ပေးလေ့ရှိသည်။

ဓမ္မပဒ ၂၈

- တစ်နှစ်ကူးပြီမို့
  ပုရစ်ဖူးတို့ ဝေခဲ့ပြီ
  ရာသီက လတန်ခူး။
- ကောင်းမှုတွေ တဝေဝေနဲ့
  တောင်းဆုတွေ တဝေဝေနဲ့
  မြန်မာ့မြေ သာပုံထူးတယ်
  ဆန်းနှစ်သစ်ဦး။

ဝန်ကြီး ဦးဉာဏ်ဝင်း ဆီးရီးယားအာရပ်သမ္မတနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၁၇

၂၀၀၈ ခုနှစ် ဧပြီ ၁၇ ရက်တွင် ကျရောက်သော ဆီးရီးယား အာရပ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ထံမှ ဆီးရီးယားအာရပ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဝါလစ်အယ်(လ်)မူအလမ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

✧ ကျောဖုံးမှ

ထိုနည်းတူ နေပြည်တော်ပျဉ်းမနားကျည်တောင်ကန် ကျေးရွာအုပ်စုရှိ လှေခွင်းတောင်ဘုရားနှင့် လှေခွင်းတောင် ရေချိုးဆိပ်တို့တွင် ဘုရားဖူးမြော် ကြည်ညိုကြသူများဖြင့်လည်းကောင်း၊ ရေချိုးဆိပ်တွင် ရေကစား၊ ရေချိုးအပန်းဖြေကြသူများဖြင့်လည်းကောင်း စည်ကားလျက်ရှိသည်။

စည်ကား

အလားတူနေပြည်တော်မှ ခုနစ်မိုင်အကွာ ကျွဲရှင်းကျေးရွာအနီးရှိ ငလိုက်ရေလှောင်တမံ၏ ရေစပ်ကမ်းခြေတစ်လျှောက်၌ တည်ဆောက်ထားသော ငလိုက်ကန်သာ အပန်းဖြေဥယျာဉ်စခန်းတွင် ရေချိုးဆိပ်၌ ရေကစားကြသူများ၊ ရေချိုးအနားယူကြသူများ၊ ရေလှော်လှော်စီးကြသူများ၊ စားသောက်ဆိုင်များတွင် စားသောက်အပန်းဖြေ အနားယူကြသူများဖြင့် စည်ကားမှုများပြားလျက်ရှိသည်။

လာရောက်ကြည့်ရှု

ထို့ပြင် နေပြည်တော် တိရစ္ဆာန်ဥယျာဉ်တွင်လည်း လာရောက်အပန်းဖြေ အနားယူသူများနှင့် တိရစ္ဆာန်များအား လာရောက်ကြည့်ရှုလေ့လာသူများဖြင့် စည်ကားလျက်ရှိသည်။

(သတင်းစဉ်)



နေပြည်တော် တိရစ္ဆာန်ဥယျာဉ်တွင် လာရောက်အပန်းဖြေ အနားယူသူများ၊ တိရစ္ဆာန်များအား လာရောက်ကြည့်ရှုလေ့လာသူများဖြင့် စည်ကားစွာတွေ့ရစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၇-၄-၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ် ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	မြန်မာသကြ်န်
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	အမျိုးသားရေးတေးကဗျာ
၄း၂၀	၄။	မြန်မာ့သံစဉ် ချိုနားဝင်
၄း၄၅	၅။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄း၅၀	၆။	မြန်မာသကြ်န်
၅း၁၀	၇။	ရွှင်ကြည်ပြုံးစရာ တေးကဗျာ
၅း၃၀	၈။	မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၅	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	မြန်မာသကြ်န်
၆း၂၅	၁၃။	ကာတွန်းအစီအစဉ် ငါးကလေးရဲ့စွန့်စားခန်း (အပိုင်း-၄၀)
၆း၄၅	၁၄။	လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၅။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ပျော်ရွှင်ပါစေ အပိုင်း(၁၄)**
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြား သတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	ကုန်သွယ်သုတ
	၂၀။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
	၂၁။	ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
	၂၂။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း 'စည်းခြားထားသောအချစ်' အပိုင်း(၂၃)**
	၂၃။	သင့်အတွက်မနက်ဖြန်
	၂၄။	အပိတ်နှုတ်ဆက်စကား
	၂၅။	ပြီးပါပြီ။

- အခြေခံဥပဒေ အတည်ပြုဖို့ မဲရုံသွား၍ မဲပေးစို့။

- အခြေခံဥပဒေ အတည်ပြုရေး မဲရုံသွား၍ ထောက်ခံမဲပေး။

ကမ္ဘာ့တတိယအကြီးဆုံးရေနံနှင့် သဘာဝဓာတ်ငွေ့သိုက် ဘရာဇီးအရှေ့တောင်ပိုင်း ကမ်းလွန်ပင်လယ်ပြင်၌ ရှာဖွေတွေ့ရှိ

ရီယိုဒီဂျနေရိုး ဧပြီ ၁၅

ဘရာဇီးနိုင်ငံသည် ကမ္ဘာ့တတိယ အကြီးဆုံးရေနံနှင့် ဓာတ်ငွေ့သိုက်ဟု ယူဆရသောဟိုက်ဒြိုကာဗွန်သယံဇာတ များကို မကြာသေးမီက ရှာဖွေတွေ့ရှိ ထားပြီးဖြစ်ကြောင်း အမျိုးသားရေနံ နှင့် ဓာတ်ငွေ့အေဂျင်စီ(အေအင်ပီ) ညွှန်ကြားရေးမှူး ဟာရောလ်ဒိုလီမာ က ဧပြီ ၁၄ရက်တွင်ပြောကြားသည်။

ယင်းရေနံနှင့် ဓာတ်ငွေ့သိုက်ကို ဘရာဇီးနိုင်ငံပိုင်ရေနံလုပ်ငန်း ပက်ထရိုဘားစ်ကုမ္ပဏီ၊ ဘီဂျီအုပ်စုနှင့် ရက်ပ်ဆောလ်လုပ်ငန်းစုတို့က ပူးတွဲ၍တွေ့ရှိခြင်းဖြစ်သည်။

ဂီတူလီအိုဗားဂတ်စ်ဖောင်ဒေးရှင်းတွင်ကျင်းပသည့် ဆီမီနာဆွေးနွေးပွဲ၌ လီမာကထုတ်ဖော်ပြောကြားရာ၌ ထိုတွေ့ရှိမှုသတင်းကို တရားဝင် ထုတ်ပြန်ကြေညာခြင်း မပြုရသေးကြောင်း ထည့်သွင်းပြောကြားသွားသည်။

ယင်းရေနံသိုက်တွင် ခိုအောင်းနေသောရေနံပမာဏသည် အတည်ပြုချက် ရယူနိုင်မည်ဆိုပါက စုစုပေါင်း ရေနံစည် ၃၃ဘီလီယံ ရှိလိမ့်မည်ဟု ၎င်းကဆိုသည်။ ထိုရေနံသိုက်သည် ဘရာဇီးနိုင်ငံ၏အရှေ့တောင်ပိုင်းကမ်းလွန်ပင်လယ်ပြင်ရေနက်ပိုင်း စန်တို့စ်ချိုင့်ဝှမ်းဒေသတွင် တည်ရှိသည်။

ဘရာဇီးနိုင်ငံတွင် ၂၀၀၇ခုနှစ်နိုဝင်ဘာအတွင်းကတူပီအမည်ရှိရေနံသိုက်ကြီးတစ်ခုကို တွေ့ရှိခဲ့သည်။ ယခုနောက်ဆုံးတွေ့ရှိသောရှူးဂါးလို့ဖ်ဟု အမည်ပေးထားသည့် ရေနံသိုက်တွင်ခိုအောင်းနေသော ရေနံပမာဏသည်တူပီရေနံသိုက်၏ အတိုင်းအဆထက် ငါးဆ ပိုမိုများပြားသည်ဟု ဆိုသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



ပါကစ္စတန်နိုင်ငံ အစ္စလာမ္မာဘတ်မြို့သို့ ဆိုက်ရောက်လာသော အိုလံပစ် မီးရှူးတိုင်အား ဘင်ခရာအဖွဲ့များက ကြိုဆိုနေသည်ကို ဧပြီ ၁၆ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဟောင်ကောင်သို့ သီးနှံတင်ပို့မှုအပေါ် တရုတ်ကုန်သွယ်ရေးဝန်ကြီးဌာနမှ သတိပေးချက်ထုတ်ပြန်

ပေကျင်း ဧပြီ ၁၅

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကုန်သွယ်ရေးဝန်ကြီးဌာနက ဟောင်ကောင်သို့ သီးနှံနှင့် သီးနှံထွက်ကုန်ပစ္စည်းများ တင်ပို့မှုနှင့်စပ်လျဉ်း၍သတိပေးချက်တစ်စောင် ထုတ်ပြန်လိုက်ရာ ဟောင်ကောင်သို့ပို့မည့်စားသောက်ကုန်များအား အခြားဈေးကွက်များသို့ လွှဲပြောင်းတင်ပို့သည့်သူများကို အရေးယူမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

ဂျုံ၊ ပြောင်း၊ ဆန်နှင့်အဆိုပါ သီးနှံများ၏ အမှုန့်များကို ဟောင်ကောင်သို့ သာလျှင် ရောင်းချရမည်ဖြစ်ပြီး ဤစည်းကမ်းကို ဖောက်ဖျက်ပါက ဖောက်ဖျက်သူ၏ ပို့ကုန်လိုင်စင်ကို ဖျက်သိမ်းမည်ဖြစ်သည်။

ဟောင်ကောင်လုပ်ငန်းရှင်များနှင့်သဘောတူစာချုပ်ချုပ်ဆိုထားသောသူများသာထိုပို့ကုန်လိုင်စင်ကို ရရှိသည်။ ဟောင်ကောင်သွင်းကုန်လုပ်ငန်းရှင်များသည် တရုတ်ပြည်မှ တင်သွင်းသော စားသောက်ကုန်များ၏ အရောင်းစာရင်းနှင့် လက်ကျန်စာရင်းများကို ရှင်းလင်းစွာရေးဆွဲထားရမည်ဖြစ်ကြောင်း သတိပေးချက်တွင် ဖော်ပြထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဘာဆာရာတွင် ဖမ်းဆီးခံထားရသော ဗြိတိန်စာနယ်ဇင်းသမား ပြန်လည်လွတ်မြောက်လာ

ဘဂ္ဂဒက် ဧပြီ ၁၅

အီရတ်နိုင်ငံ ဘာဆာရာမြို့တွင် အဖမ်းခံထားရသော ဗြိတိသျှ စာနယ်ဇင်းသမားသည်အီရတ်တပ်ဖွဲ့ဝင်များက စစ်ဆင်ရေး ပြုလုပ်စဉ်အတွင်း ပြန်လည်လွတ်မြောက်လာပြီဖြစ်ကြောင်း စစ်ဘက် ပြောရေးဆိုခွင့်ရှိသူက ဧပြီ ၁၄ရက်တွင် ပြောကြားသည်။

ဗြိတိသျှစာနယ်ဇင်းသမားရစ်ချက်ဘတ္တလာသည် ဘာဆာရာမြို့ ဂျူဘာလာအရပ်မှပြန်လည်လွတ်မြောက်လာပြီဖြစ်ကြောင်း အီရတ် ကာကွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ် မူဟာမက်အယ်လ်အတ်စ်ကာရီက တယ်လီဖုန်းမှတစ်ဆင့် သတင်းပေးသည်။

အီရတ်နိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့ဖြစ်သော ဘာဆာရာတွင် ဧပြီ ၁၄ရက်က အီရတ်၏ အမှတ် ၁၄ တပ်မစစ်ဆင်ရေးပြုလုပ်စဉ်ဘတ္တလာကို ပြန်ပေးသမားများ လက်မှ ကယ်တင်နိုင်ခြင်းဖြစ်သည်ဟု အက်စ်ကာရီကဆက်လက်ပြောကြားသည်။ အီရတ်တပ်ဖွဲ့ဝင်များသည် ဂျူဘာလာအရပ်ရှိ အိမ်တစ်အိမ်အနီး ချဉ်းကပ်သွားစဉ် အပြင်းအထန် ပစ်ခတ်မှုနှင့် ရင်ဆိုင်ခဲ့ရကြောင်း၊ နှစ်ဖက် အပြန်အလှန် တိုက်ပွဲဖြစ်ပွားပြီးနောက် သေနတ်သမားများထွက်ပြေးသွားသော အခါ ဘတ္တလာကို အဆိုပါ အိမ်အတွင်းမှ တွေ့ရှိရခြင်းဖြစ်ကြောင်း ၎င်းကပြောကြားသည်။ လွတ်မြောက်လာ ချိန်၌ဘတ္တလာသည် ကျန်းမာရေးအခြေအနေ ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

ဘတ္တလာကိုမျက်နှာဖုံးစွပ်ထားသော သေနတ်သမားများက ဘာဆာရာမြို့ရှိ ကာစ်အယ်လ်ဆူလ်တန် ဟိုတယ်မှ ဖေဖော်ဝါရီ ၁၀ ရက်တွင် ဖမ်းဆီးသွားခြင်းဖြစ်သည်။ ***အင်တာနက်။***

အာရှဒေသလေကြောင်း ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး

မကာအို ဧပြီ ၁၅

အာရှဒေသလေကြောင်း ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲတစ်ရပ်ကိုမကာအိုမြို့တွင် တနင်္လာနေ့က ဖွင့်လှစ်လိုက်ကြောင်းဆင်ဟွာသတင်းဌာနကဖော်ပြသည်။ အာရှဒေသ လေကြောင်း လုပ်ငန်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီးလေကြောင်းလိုင်းအသစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးလုပ်ငန်းအခွင့်အလမ်းများ ပေါ်ထွန်းရေးကို ဆွေးနွေးကြသည်။လေဆိပ်များမှ ကိုယ်စားလှယ်အဖွဲ့ ၄၀၀ကျော် တက်ရောက်သည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံတကာ သတင်းများ

၁၇ရာစုနှစ် ရှေးဟောင်းတယောတစ်လက် လန်ဒန်ရထားပေါ်တွင်ပျောက်ဆုံး

လန်ဒန် ဧပြီ ၁၅

လန်ဒန်မှ သဘော်ကိုယ်စားလှယ်လုပ်ငန်းလုပ်ကိုင်သူတစ်ဦး ပိုင်ဆိုင်သည့် အမေရိကန်ဒေါ်လာ၄၀၀၀၀၀ ခန့် တန်ကြေးရှိသော ၁၇ရာစုအတွင်းက ရှေးဟောင်းတယော တစ်လက်သည် ခရီးသွားနေစဉ် ရထားပေါ်၌ ကျန်ရစ်ပျောက်ဆုံးသွားကြောင်း သိရသည်။

ပျောက်ဆုံးသွားသော တယောပိုင်ရှင်မှာ ရောဗ်နက်ပီရာဆိုသူ ဖြစ်သည်။ ထိုတယောမှာ ၁၆၉၈ခုနှစ်က တူရိယာပစ္စည်းထုတ်လုပ်သောနာမည်ကြီး လက်မှုပညာရှင် မစ်တီအိုဂေါ့ဖရီလာ ပြုလုပ်သော ပစ္စည်းဖြစ်သည်။ ***အင်တာနက်။***

အီရတ်နိုင်ငံ ဘာဆာရာမြို့တွင် အဖမ်းခံထားရသော ဗြိတိသျှစာနယ်ဇင်းသမား ရစ်ချက်ဘတ္တလာပြန်လည် လွတ်မြောက်လာသည်ကို ဧပြီ ၁၄ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အနောက်ဘက်ကမ်း၌ ဟားမတ်စ်အဖွဲ့ဝင် ၂၁ဦးအား အာဘတ်စ်၏လုံခြုံရေးတပ်ဖွဲ့များ ဖမ်းဆီး

ရာမာလာ ဧပြီ ၁၅

အနောက်ဘက်ကမ်းဒေသတွင် သမ္မတမာမွတ်အာဘတ်စ်၏ လုံခြုံရေးတပ်ဖွဲ့များက ဟားမတ်စ်အဖွဲ့ဝင် ၂၁ဦးကိုဖမ်းဆီးခဲ့ကြောင်း အစ္စလာမ္မစ်ဟားမတ်စ် လှုပ်ရှားမှုအဖွဲ့က တနင်္လာနေ့တွင်ပြောကြားသည်။

ဟားမတ်စ်အဖွဲ့၏အဆိုအရ ၎င်းအဖွဲ့ဝင်များသည် နာဘလပ်၊ ဂျင်နီ၊ ဟီဘရွန်နှင့် ဘတ်လာဟမ်မြို့တို့တွင် ဖမ်းဆီးခံရသည်ဟုဆိုသည်။ ဟားမတ်စ်အဖွဲ့ဝင်များအား ဖမ်းဆီးမှုများ ချက်ချင်းရပ်တန့်ပေးရန် ဖာတာလှုပ်ရှားမှုအဖွဲ့နှင့် ပါလက်စတိုင်း အမျိုးသားဆိုင်ရာ အာဏာပိုင်အဖွဲ့ (ပီအင်န်အေ)ကို ဟားမတ်စ်အဖွဲ့က တောင်းဆိုထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၏ တောင်ပိုင်း ၂၁၅ကီလိုမီတာအကွာရှိ ဂမ်ဂျီအရပ်တွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားသော ခြံတစ်ခြံ၌ ကြက်များအား စစ်ဆေးနေသည်ကို ဧပြီ၁၅ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

သီရိလင်္ကာတွင် ဖြစ်ပွားသော တိုက်ပွဲများကြောင့် ကျောင်းသား၆၀၀၀အပါအဝင်ပြည်သူ ၂၅၀၀၀ကျော်ဒုက္ခသည်ဖြစ်

ကိုလံဘို ဧပြီ ၁၅

သီရိလင်္ကာနိုင်ငံတွင် အစိုးရတပ်ဖွဲ့များနှင့် ကျားသူပုန်များအကြား ဖြစ်ပွားသည့် ပြင်းထန်သောတိုက်ပွဲများကြောင့် နိုင်ငံအနောက်မြောက်ပိုင်း မာနာခရိုင်မှ ပြည်သူပေါင်း ၂၅၀၀၀ တို့ အိုးမဲ့အိမ်မဲ့ဖြစ်ကြရသည်ဟု အာဏာပိုင်များက ဧပြီ ၁၄ ရက်တွင် ပြောကြားသည်။

မာနာအရပ်သည် ကိုလံဘိုမြို့မှ ကီလိုမီတာ ၃၁၀ အကွာတွင် တည်ရှိသည်။ ဒုက္ခသည်များအကြားတွင် ကျောင်းသား၊ကျောင်းသူပေါင်း ၆၀၀၀လည်းပါဝင်ကြောင်း မာနာခရိုင်အုပ်ချုပ်ရေးအရာရှိ အေ၊ နီကိုလပ်စ်ပီလာက ပြောကြားသည်။

တမီလ်ဆင်ဟာလီနှစ်သစ်ကူးအကြိုကာလကဖြစ်ပွားသော ပြင်းထန်သည့် တိုက်ပွဲများအတွင်း နှစ်ဖက်အဖွဲ့အစည်းမှ ၁၀၀ ကျော် သေဆုံးရကြောင်းသိရသည်။ ကျားသူပုန်များကလည်း အစိုးရတပ်ဖွဲ့အကျအဆုံး များပြားကြောင်းပြောကြားပြီး အစိုးရတပ်ဖွဲ့က ကျားသူပုန် သေဆုံးမှု များပြားကြောင်းဖော်ပြသည်။အစိုးရတပ်ဖွဲ့များ၏ ဧပြီ ၁၃ရက် ထုတ်ပြန်ချက်များအရ တမီလ်ကျားသူပုန် ၇၇ဦး သေဆုံးပြီး အစိုးရတပ်ဖွဲ့ဝင် ၁၂ဦး သေဆုံးကြောင်း သိရသည်။ ဒုက္ခသည်များအတွက် ရိက္ခာနှင့်ဆေးဝါးများကို ကုလသမဂ္ဂစားနပ်ရိက္ခာအဖွဲ့နှင့် အစိုးရကယ်ဆယ်ရေးအဖွဲ့တို့က ထောက်ပံ့ပေးလျက်ရှိသည်။ ***အင်တာနက်။***

ပေကျင်းအိုလံပစ်မီးတောက် ကမ္ဘာ့တစ်ခွင်သယ်ဆောင်ရေးခရီးစဉ်၏ ခရီးတစ်ထောက်အဖြစ် ပါကစ္စတန်နိုင်ငံ အစ္စလာမ္မာဘတ်လေဆိပ်သို့ ဆိုက်ရောက်လာသည်ကို ဧပြီ ၁၆ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ပေကျင်း အိုလံပစ်မီးရှူးတိုင် ပါကစ္စတန်သို့ရောက်ရှိ

အစ္စလာမ္မာဘတ် ဧပြီ ၁၆

အိုမန်နိုင်ငံမြို့တော် ဒမတ်စကက်မှ သယ်ဆောင်လာသော အိုလံပစ်မီးတောက်သည် ပါကစ္စတန်နိုင်ငံ မြို့တော် အစ္စလာမ္မာဘတ်လေဆိပ်သို့ ဧပြီ ၁၆ရက် မွန်းလွဲ ၁၂ နာရီ ၂၅ မိနစ်တွင် ဆိုက်ရောက်လာသည်။

ထိုအိုလံပစ်မီးတောက်ကို အထူးပြုလုပ်ထားသော မီးအိမ်တွင်ထွန်းညှိကာ ၂၀၀၈ခုနှစ် ပေကျင်း အိုလံပစ်ပွဲတော် ကျင်းပရေးကော်မတီ ဒုတိယဥက္ကဋ္ဌက သယ်ဆောင်လာခြင်း ဖြစ်သည်။ ပါကစ္စတန်နိုင်ငံသည်အိုလံပစ်မီးတောက်၏ ဒသမမြောက် စခန်းတစ်ထောက် ရပ်နားရာ နိုင်ငံဖြစ်သည်။ ယင်းမီးတောက်ကို ပါကစ္စတန်နိုင်ငံ အိုလံပစ်အဖွဲ့ဥက္ကဋ္ဌ အာရစ်ဖ်ဟာဆန်၊ ပါကစ္စတန်အားကစားဝန်ကြီးမူဟာမက် အာဘာဆစ်ဖ်တို့ဦးဆောင်သောပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြသည်။ ထိုကြိုဆိုပွဲသို့ ပါကစ္စတန်နိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးလည်းတက်ရောက်သည်။ ပါကစ္စတန်နိုင်ငံတွင် အိုလံပစ်မီးရှူးတိုင်ကို အဖွဲ့သား ၆၅ဦးပါဝင်သော မီးရှူးတိုင်သယ်ဆောင်ရေး အဖွဲ့ဝင်များက လက်ဆင့်ကမ်း သယ်ဆောင်ကြမည်ဖြစ်သည်။

အစ္စလာမ္မာဘတ်မြို့ ခရီးစဉ်အပြီးတွင် အိုလံပစ်မီးရှူးအိမ်သည် လက်ဆင့်ကမ်းခရီးအဖြစ် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့သို့ ခရီးဆက်မည်ဖြစ်သည်။

အင်တာနက်။

အီရတ်တပ်ဖွဲ့အချို့ စခန်းကိုစွန့်ခွာလျက်ရှိ

ဘဂ္ဂဒက် ဧပြီ ၁၆

အီရတ်နိုင်ငံ ဆာဒါစီတီးမြို့၌ ရှီးယိုက်တပ်ဖွဲ့များကိုရင်ဆိုင်ရန် စခန်းချထားသော အီရတ် တပ်ခွဲတစ်ခွဲသည် အမေရိကန်တို့က ကြီးကြပ်နှိုးဆော်နေသည့်အကြားမှ စခန်းကို စွန့်ခွာကာ ထွက်သွားကြကြောင်း သတင်းက ဖော်ပြသည်။

ထိုသို့ ထွက်ခွာသွားသည့်အတွက် ရှေ့တန်းတစ်နေရာတွင် အချိန်နာရီအတော်ကြာအောင် အဟန့်အတားမရှိဘဲ ဟာကွက်ဖြစ်ခဲ့ရသည်ဟု ဆိုသည်။

ထို့အပြင် စခန်းကိုစွန့်ခွာသွားသူ အီရတ်တပ်ဖွဲ့များနှင့် အမေရိကန်တပ်ဖွဲ့များအကြား၌လည်း ပြင်းထန်သောပစ်ခတ်မှုများ ဖြစ်ပွားခဲ့သည်ဟုဆိုသည်။

အမေရိကန် ဆန့်ကျင်သူ မိုတာဒါ အယ်ဆာဒါး၏ မာဒီတပ်ဖွဲ့များက ဆာဒါစီတီးမြို့အားထိန်းချုပ်ထားသည့် အခြေအနေကို ပြန်လည်ထိန်းသိမ်းရန် အမေ ရိကန်နှင့် အီရတ်တပ်ဖွဲ့ဝင်များက ကြိုးပမ်းလျက်ရှိသည်။ သို့သော် အီရတ်တပ်ဖွဲ့များ စခန်းကို စွန့်ခွာသွားသည့် ဖြစ်ရပ်များ ပေါ်ပေါက်လာသဖြင့်အမေရိကန်များ၏ ရည်မှန်းချက်မပြည့်မြောက်ဘဲ အရှိက်အထိုးခံရသကဲ့သို့ အထိနာစေသည်ဟု ဆိုသည်။

ဆာဒါစီတီးနေရာသည်အမေရိကန်တို့၏ လုံခြုံရေး တင်းကျပ်စွာချထားသော အစိမ်းရောင် ဇုန်နယ်မြေနှင့် မနီးမဝေးတွင်တည်ရှိသည်။

လက်နက်ကိုင်အီရတ်တိုက်ခိုက်ရေးသမားက အစိမ်းရောင်ဇုန်အတွင်းသို့ ၁၀၇ မမ ဒုံးကျည်များဖြင့် ပစ်ခတ်လေ့ရှိသည်။ သို့ဖြစ်၍ အမေရိကန်တို့အနေဖြင့်ယင်းတိုက်ခိုက်မှုများ ရပ်စဲသွားစေရန် မာဒီတပ်ဖွဲ့များ ထိန်းချုပ်ထားသောနယ်မြေကို စိုးမိုးထားနိုင်ရန် ကြိုးစားနေခြင်းဖြစ်သည်ဟု ဆိုသည်။

အင်တာနက်။

အိန္ဒိယအနောက်ပိုင်း၌ ကျောင်းကားတစ်စီး မြစ်ထဲထိုးကျ

ဘာရိုဒါ(အိန္ဒိယ) ဧပြီ ၁၆

အိန္ဒိယနိုင်ငံ အနောက်ပိုင်း ဂူဂျာရတ်ပြည်နယ်တွင် ဧပြီ ၁၅ ရက်က ကျောင်းကားတစ်စီး မြစ်အတွင်းသို့ ထိုးကျသွားရာ လူ ၄၀ခန့် သေဆုံးဖွယ်ရာရှိသည်ဟု ဒေသခံအာဏာပိုင်များက ပြောကြားသည်။

သေဆုံးသူအများစုမှာ ကျောင်းသားများဖြစ်သည်။ ၄င်းတို့သည် ဘာရိုဒါခရိုင်ရှိကျောင်းသို့ သွားကြစဉ် ၄င်းတို့လိုက်ပါလာသောဘတ်စ်ကားက နာရ်မာဒါမြစ်အတွင်းသို့ ထိုးကျသွားခြင်းဖြစ်သည်။ ထိုကားမှ ကလေးလေးဦးကို ကယ်တင် လိုက်နိုင်ကြောင်းသတင်းက ဖော်ပြသည်။

နာရ်မာဒါမြစ်သည် အိန္ဒိယနိုင်ငံရှိ ထင်ရှားသောမြစ်တစ်စင်းဖြစ်ပြီး နိုင်ငံအလယ်ပိုင်းမှစ၍ မြစ်ဖျားခံကာ အနောက်ပိုင်းရှိ အာရေဗျပင်လယ်အတွင်းသို့ စီးဝင်သွားသည်။

အဆိုပါ ဘတ်စ်ကားပေါ်တွင် စီးနင်းလိုက်ပါလာသူ အရေအတွက်အတိအကျကို မသိရသဖြင့် သေဆုံးသူ မည်မျှရှိသည်ကို အတိအကျမသိရဘဲရှိသည်။ အချို့မှာ ပျောက်ဆုံးနေဆဲဖြစ်၍ သေဆုံးသူ ဦးရေမှာတိုးလာနိုင်ကြောင်း အာဏာပိုင်များကပြောကြားသည်။ ကျောင်းကားမောင်းသူ၏ အလောင်းကို သက်ဆိုင်ရာများက တွေ့ရှိထားပြီဟု ဆိုသည်။

အဆိုပါ ဘတ်စ်ကားမှာ ဘာဒိုဒါခရိုင်ရှိ ဆိုဒီလီကျောင်းသို့ ကလေးများကို စာမေးပွဲချိန် အမီပို့ပေးရန် ငှားရမ်းထားသောကားဖြစ်သည်။

ယာဉ်မောင်းသည် ကားကိုအရှိန်ပြင်းစွာမောင်းသဖြင့် မထိန်းနိုင်ဘဲ မြစ်အတွင်းသို့ထိုးကျသွားခြင်းဖြစ်နိုင်ကြောင်း လူအများက ယူဆကြသည်။

အိန္ဒိယနိုင်ငံတွင် ယာဉ်များကို အရှိန်ပြင်းစွာ မဆင်မခြင်မောင်းနှင်ခြင်းကြောင့် ယာဉ်မတော်ဆမှုများ မကြာခဏဖြစ်ပွားရာ နှစ်စဉ်လူထောင် ပေါင်းများစွာ အသက်ဆုံးရှုံးကြရသည်ဟု ဆိုသည်။

အင်တာနက်။

နာရ်မာဒါမြစ်အတွင်းသို့ ထိုးကျသွားသော ကျောင်းကားအား ပြန်လည်ဆယ်တင်နေသည်ကို ဧပြီ ၁၆ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကြေးမုံ The Mirror

နိုင်ငံတကာရေးရာသတင်းများ

ကွန်ဂိုလေယာဉ်ပြေးလမ်းချော်၊ အဆောက်အအုံများတိုက်ပြီး မီးလောင်ပျက်စီး

ဂိုမာ (ကွန်ဂို) ဧပြီ ၁၆

ဒီစီ-၉ အမျိုးအစား လေယာဉ်သည် ကွန်ဂိုနိုင်ငံ ဂိုမာမြို့ လေယာဉ်ကွင်းမှအတက်တွင် ပြေးလမ်းချော်ပြီး လူနေရပ်ကွက်ရှိ အဆောက်အအုံများကိုဝင်တိုက်ကာ မီးလောင်ပျက်စီးသွားသဖြင့် အနည်းဆုံး ၂၁ဦး သေဆုံးသွားသည်။

သေဆုံးသွားသူများမှာ လေယာဉ်စီးခရီးသည်များဖြစ်သည် (သို့မဟုတ်) မြေပြင်ပေါ်မှ လူများဖြစ်သည်ကို သဲကွဲစွာမသိရသေးဟု ဆိုသည်။ လေယာဉ်မတော်တဆမှု ဖြစ်ပွားချိန်တွင် မိုးသည်းထန်စွာ ရွာလျက်ရှိကြောင်းသိရသည်။

လိုက်ပါလာ

အဆိုပါလေယာဉ်သည် ပုဂ္ဂလိကလေကြောင်းလိုင်း ဟီဝါဘိုဝါကုမ္ပဏီက စင်းလုံးငှားထားသော လေယာဉ်ဖြစ်ပြီး လေယာဉ်ပေါ်တွင် ခရီးသည် ၇၉ ဦးနှင့် လေယာဉ်အဖွဲ့သား ခြောက်ဦးတို့ လိုက်ပါလာသည်။

လေယာဉ်များ ဘေးကင်းလုံခြုံစိတ်ချရမှု အားနည်းသောလေကြောင်းလိုင်းများအနက် ယခုလေကြောင်းလိုင်းလည်း ပါဝင်သည်။

စိုးရိမ်ရ

လေယာဉ် မတော်တဆမှုကြောင့် ခရီးသည် ၅၅ဦးကို ဆေးရုံတင်ထားရသည့်အနက် ခြောက်ဦး၏အခြေအနေမှာ စိုးရိမ်ရကြောင်း ဂိုမာမြို့ဆေးရုံသို့ သွားရောက်ခဲ့သော ကုလသမဂ္ဂရုံးဝန်ထမ်းတစ်ဦးက ပြောကြားသည်။

လေယာဉ်သည် ပြေးလမ်းပေါ်၌ အရှိန်ယူနေစဉ် ပေါက်ကွဲသံတစ်ခုကြားရပြီးနောက် ယခုကဲ့သို့ အဖြစ်ဆိုးနှင့် ကြုံရခြင်းဖြစ်သည်ဟု အန္တရာယ်ဆိုးမှ လွတ်မြောက်လာသူ လေယာဉ်ခရီးသည်တစ်ဦးကပြန်လည်ပြောကြားသည်။

ကွန်ဂိုနိုင်ငံတွင် ၂၀၀၂ ခုနှစ်က မီးတောင်ပေါက်ကွဲမှု ဖြစ်ပွားခဲ့သည်။ ထိုအဖြစ်အပျက်ကြောင့် ဂိုမာလေယာဉ်ကွင်း၏ လေယာဉ်ပြေးလမ်းပေါ်သို့ ချော်ရည်များစီးကျကာ ပြေးလမ်း ပျက်စီးခဲ့ရသည်။ ယင်းအခြေအနေကြောင့်ဂိုမာလေယာဉ်ကွင်းသည် လေယာဉ် အတက်အဆင်းပြုလုပ်ရာ၌ ခက်ခဲသော ကွင်းတစ်ကွင်းဖြစ်လျက်ရှိသည်ဟုလေကြောင်း လုပ်ငန်းအသိုင်းအဝိုင်းမှလာသော သတင်းအရ သိရသည်။

အင်တာနက်။

ပျက်စီး

ကွန်ဂိုနိုင်ငံတွင် ပြေးလမ်းချော်ကာ မီးလောင်ပျက်စီးသွားသော ဒီစီ-၉ လေယာဉ်ကို ဧပြီ ၁၅ရက်က တွေ့စဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဂါဇာသို့ အစ္စရေးတပ်ဖွဲ့ ဝင်ရောက်တိုက်ခိုက်

ဂါဇာစီးတီး ဧပြီ ၁၆

ဂါဇာကမ်းမြောင်ဒေသသို့ ဧပြီ ၁၅ရက်အစောပိုင်းက အစ္စရေး တပ်ဖွဲ့များဝင်ရောက်စစ်ဆင်ရာ ဟားမတ်စ်စစ်သွေးကြွများနှင့် တွေ့ထိတိုက်ပွဲဖြစ်ပွားသည့်အတွက် ဟားမတ်စ် သေနတ်သမားလေးဦး သေဆုံးသွားကြောင်း ပါလက်စတိုင်းသတင်းရပ်ကွက်က ပြောကြားသည်။

အခင်းဖြစ်ပွားမှုကြောင့် အနည်းဆုံးပါ လက်စတိုင်း ငါးဦးဒဏ်ရာရရှိသွားကြောင်း ဆေးဘက်ဆိုင်ရာ သတင်းရပ်ကွက်မှ ပြောကြားသည်။ အစ္စရေးတပ်ဖွဲ့ဝင်အချို့လည်း ဒဏ်ရာရရှိကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားသော်လည်း မည်၍မည်မျှ ဒဏ်ရာရရှိသည်ကိုမူ ထုတ်ဖော်ပြောကြားခြင်းမရှိပေ။

အစ္စရေးတပ်ဖွဲ့များသည် ဂါဇာအလယ်ပိုင်းဒေသသို့ ညသန်းခေါင်ကျော်အချိန်တွင်ဝင်ရောက် စစ်ဆင်ခဲ့ခြင်းဖြစ်ကြောင်း စစ်ဘက်ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

နေရာအတော်များများတွင် ဟားမတ်စ်လက်နက်ကိုင်များနှင့် အပြန်အလှန်ပစ်ခတ်မှုများဖြစ်ပွားခဲ့သည်။ အစ္စရေးစစ်လေယာဉ်များကလည်း ပစ်ကူပေးခဲ့ကြောင်း သိရသည်။ ထိုပစ်ခတ်မှုများကြောင့် ဟားမတ်စ်လက်နက်ကိုင် လေးဦး သေဆုံးပြီး သုံးဦးဒဏ်ရာရရှိသွားကြောင်း ဟားမတ်စ်သတင်း ရပ်ကွက်က ပြောကြားသည်။

အင်တာနက်။

ဘင်္ဂလားဒေ့ရှ်တွင် ရထားနှင့်ဘတ်စ်ကားတိုက်

တင်ဂါးလ် (ဘင်္ဂလားဒေ့ရှ်) ဧပြီ ၁၆

ဘင်္ဂလားဒေ့ရှ်နိုင်ငံအလယ်ပိုင်းရှိ ရထားလမ်းနှင့် ကားလမ်းဆုံရာနေရာ၌ ဧပြီ ၁၅ရက်တွင် ရထားတစ်စင်းက လူအပြည့်အသိပ်တင်ဆောင်လာသော ဘတ်စ်ကားကိုဝင်တိုက်ရာ အနည်းဆုံး ၁၇ဦးသေဆုံးသွားကြောင်း သတင်းက ဖော်ပြသည်။ ရထားနှင့်ကား တိုက်မိသောနေရာသည် နိုင်ငံ၏ မြို့တော်ဒါကာ၏ မြောက်ပိုင်း မိုင်၅၀အကွာရှိ တင်ဂါးလ်ခရိုင်တွင်ဖြစ်ကြောင်း ဒေသအုပ်ချုပ်ရေးအဖွဲ့ အကြီးအကဲ အက်တာအလီဆာကာက ပြောကြားသည်။

အခင်းဖြစ်ပွားမှုကြောင့် အခြားလူ ၁၉ဦးကိုလည်း ဆေးရုံသို့တင်ပို့ခဲ့ရကြောင်းသိရသည်။ သေဆုံးသူနှင့် ဒဏ်ရာရသူများအားလုံးမှာ ဘတ်စ်ကားစီးခရီးသည်များသာဖြစ်ပြီး အမြန်ရထားမှာ ကြီးကြီးမားမား ပျက်စီးခြင်းမရှိဟု ၄င်းက ပြောကြားသည်။

အင်တာနက်။

နှစ်သစ်မင်္ဂလာ အောင်ကြောင်းဖြာ

မကြွယ်ကြွယ်

ယနေ့သည် ၁၃၇၀ ပြည့်နှစ် ဦးတန်ခူးလဆန်း ၁၂ ရက်နေ့ ဖြစ်ပေသည်။ ဝေဒပညာရှင်များအလိုအရ လဆန်း ၈ ရက်မှစတင်ပြီး လပြည့်ကျော် ၈ ရက်နေ့အထိသည် စန်းအားကောင်းသောနေ့ဟူ၍ ပြောကြသည်ကို မှတ်သားထားမိလိုက်ပါသည်။ ဤသို့ဆိုလျှင် ဦးတန်ခူးလဆန်း ၁၂ ရက်နေ့သည်ကား စန်းအားပြည့်သောရက်ဟု ပြောရမည်ဖြစ်သည်။ နှစ်ဦး-နှစ်ဆန်း စန်းပွင့်နေသော ရက်ဖြစ်ရကား ဤနှစ်သည် မြန်မာ နိုင်ငံတော်အဖို့ စန်းပွင့်သောနှစ် ဖြစ်တော့၏။

ထိုသို့လျှင် စန်းအားကောင်းသော စန်းပွင့်သောရက်သည်ကား မြန်မာသက္ကရာဇ် ၁၃၇၀ ပြည့်၏ နှစ်ဆန်း တစ်ရက်နေ့ ဖြစ်ပေသည်။

နှစ်ဆန်း တစ်ရက်တိုင်းကို ကမ္ဘာပေါ်ရှိ လူမျိုးအသီးသီး၊ ဘာသာဝင် အသီးသီးတို့သည် မိမိတို့၏ နှစ်ဆန်း တစ်ရက်နေ့ ကျရောက်သောအခါ ကျက်သရေမင်္ဂလာနှင့် ပြည့်စုံသောနေ့ဟူ၍ သတ်မှတ်ထားတတ်ကြသည်။ မြန်မာဗုဒ္ဓဘာသာဝင်တို့သည်လည်း အခြားဘာသာဝင်များကဲ့သို့ပင် နှစ်ဆန်း တစ်ရက်နေ့ကို ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသောနေ့ဟု ခံယူတတ်ကြသည်။

ဤလိုနေ့မျိုးတွင် ကောင်းမှုမင်္ဂလာအမျိုးမျိုးတို့ကို ပြုလေ့ရှိသော မြန်မာဗုဒ္ဓဘာသာဝင်တို့သည် ငါးသက်စေ့လွှတ်ကြသည်။ သတ်အံ့ဆဲဆဲ နွား၊ ဆိတ် စသည်တို့လွှတ်ကြသည်။ လှောင်အိမ်တွင်းမှ ငှက်တို့ကို လွှတ်ကြသည်။ လှူဖွယ်အစုစုတို့ကိုလည်း လှူဒါန်းလေ့ရှိကြသည်။ ဥပုသ်စောင့်ခြင်း၊ မေတ္တာဘာဝနာပွားခြင်း စသည့် စရဏကျင့်စဉ်များကိုလည်း ကျင့်လေ့ရှိတတ်ကြသည်။

ကျွန်မ၏ မိဘများရှိစဉ်က ဤကဲ့သို့သော နှစ်ဆန်းတစ်ရက်နေ့တွင် ငွေကြေးတစ်ပြားပင်လျှင်မသုံးတတ်ကြ။ ယနေ့ ငွေထွက်ပါက တစ်နှစ်လုံး ငွေထွက်များမည်ဟုယုံကြည်ကြသည့်အတွက် ထိုနေ့တွင် ကျွန်မတို့ မုန့်ဖိုးရလေ့မရှိ။ အိမ်ကရှိသော မုန့်သာစားရ၏။

အချို့ကဆိုလျှင် စျေးရောင်းစျေးဝယ်လုပ်မိသောကြောင့် ငွေကြေး ကြွေးတင်မိပါက နှစ်ဆန်းတစ်ရက်နေ့တွင် အကျေဆပ်ကြသည်။ တစ်နှစ်တာ ကြွေးကင်းရန် ရည်မှန်းခြင်းဖြစ်ပေသည်။

ထို့ပြင်အချို့သူတို့သည် တစ်နှစ်တာလုပ်ရမည့် လုပ်ငန်းစီမံချက်ကို ချလေ့ရှိသည်။

ယခုနှစ်အတွင်းဖြစ်ရမည့်၊ ဆောင်ရွက်မည့် ဦးတည်ချက်၊ရည်မှန်းချက်တို့ချမှတ်တတ်ကြကြောင်းလေ့လာတွေ့ရှိရသည်။

ဤသို့ဖြစ်ချင်သော ဆန္ဒရှိနေခြင်းကို အရေးထားသူတို့အတွက် ဆန္ဒာဓိပတိခေါ် ဆန္ဒကို အထွတ်တပ်ပြီးလုပ်ငန်းခွင်အတွက် စီမံကိန်းများရေးဆွဲကြသည်။ဆန္ဒရှိရုံမျှဖြင့် ဖြစ်လိုသည်များ မပြီးနိုင်သေးပါ။ ဆန္ဒကိုဝီရိယတည်းဟူသော စွမ်းအားဖြင့်ဖြည့်စွက်ကြရပါလိမ့်မည်။ ဝီရိယဓိပတိဟူ၍ အထူးအာရုံထား လုပ်ကြရပေသည်။ဆန္ဒလည်းရှိပါ၏။ ဝီရိယလည်းစိုက်ပါ၏၊ မလုံလောက်သေးပါ၊ ဤလုပ်ငန်းတို့အောင်မြင်အံ့လော၊ မအောင်မြင်အံ့လောဟု စိတ်နှစ်ခွ-ဒွိဟမဖြစ်စေဘဲ ဖြစ်ကိုဖြစ်ရမည်၊ အောင်ကိုအောင်ရမည်ဟူသော စိတ်ဓာတ်ရှိဖို့ လိုပါသေးသည်။ စိတ္တာဓိပတိဟူသော ခိုင်မာသည့်၊ ခိုင်မြဲသည့်၊ မယိုင်လဲသည့် စိတ်ဓာတ်မျိုး ရှိရပေမည်။

ထိုစိတ်ဓာတ်မျိုးရှိပါသော်လည်းမရောင်ရာဆီလူး၊ ပိုးစုန်းကြူးတွင်ဆေးလိပ်မီးညှိပါမူ အောင်မြင်မှုရမည်မဟုတ်ပေ။ မိမိ၏သတိပညာဖြင့် အရာရာကိုချင့်ချိန်ပြီး ပညာနှင့်ယှဉ်၍ လုပ်ကိုင်ခြင်းမျိုးရှိဖို့လိုပေမည်၊ ဝိမံသာဓိပတိ-ဟုဆိုက ရကောင်း၏ဟူ၍ ဆင်ခြင်မိပါသည်။

အဆိုပါဆန္ဒာဓိပတိ၊ စိတ္တာဓိပတိ၊ ဝီရိယာဓိပတိ၊ ဝိမံသာဓိပတိ ဟူသော အဓိပတိတပ်ပြီးလုပ်ရသည့်လုပ်ငန်းတို့သည် မုချမသွေ အောင်ပွဲသို့ ဦးတည်နေပေတော့မည်။

ထိုလေးပါးသော အဓိပတိဓာတ်၊ စိတ်ဓာတ်တို့သည် ခရီးသွားသူအတွက် ခြေမရှိက သွား၍မရ၊ ခရီးမရောက်ဖြစ်တတ်သောကြောင့် အဆိုပါ ဆန္ဒ၊ ဝီရိယ၊ စိတ်ဓာတ်၊ ပညာတို့သည် လူတစ်ယောက်၏ ကြီးပွားတိုးတက်ရေးအတွက် ခြေများသဖွယ် အရေးကြီးသော အချက်များဖြစ်ကြပေသည်။

မင်္ဂလာဟူသည် မကောင်းမှုကို ပယ်ဖြတ်တတ်သောကြောင့် မင်္ဂလာဟုခေါ်ပါသည်။ မြန်မာနှစ်ဆန်းတစ်ရက်နေ့ကိုလည်း မင်္ဂလာအခါတော်နေ့ဟူ၍ ဗုဒ္ဓနှင့်ဆိုင်သော အခါတော်နေ့များ သတ်မှတ်ရာတွင် အသိအမှတ်ပြုထားကြသည်။ ကဆုန်လပြည့် ဗုဒ္ဓနေ့၊ ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့၊ ပြာသိုလပြည့် ကဿပညီနောင် ရှင် တစ်ထောင်နေ့ စသည် စသည်ဖြင့် သတ်မှတ်ကြရာတွင် မြန်မာနှစ်ဆန်းတစ်ရက်နေ့ကိုလည်း မင်္ဂလာအခါတော်နေ့ဟူ၍ သတ်မှတ်ထားပါသည်။

မင်္ဂလာအခါတော်နေ့ဟုဆိုရုံမျှဖြင့် မင်္ဂလာရှိလာမည် မဟုတ်ပါ။ မကောင်းမှုကို ကွယ်ပျောက်သွားမည် မဟုတ်ပါ။

မိမိကိုယ်တိုင် မကောင်းမှုကို ပယ်ဖျောက်၊ ကောင်းမှုရောက်ရန် ကျင့်ကြံကြိုးကုတ်အားထုတ်ရန် လိုပေသည်။ ထိုသို့အားထုတ်ရာတွင် အစစပြီးမြောက်စေသော အောင်မြင်ခြင်း၏ ခြေထောက် (ဣဒ္ဓိပါဒ) သန်စွမ်းပါမှ၊ ကောင်းသည့်ဘက်သို့ လှုပ်ရှားပေးပါမှ ကောင်းကျိုးပြီးမြောက် မင်္ဂလာပန်းတိုင်သို့ ရောက်မည်ဖြစ်ပေရာ ဤ ၁၃၇၀ ပြည့်နှစ် ဦးတန်ခူးလဆန်း ၁၂ ရက်၊ (နှစ်ဆန်းတစ်ရက်)မှသည် နိဗ္ဗာန်ရောက်သည့်ဘဝတိုင်အောင် အောင်ပန်းဝေမြိုင် မင်္ဂလာမိုးဖြိုင်ဖြိုင်ရွာကြစေရန် ကောင်းမြတ်သော ဦးတည်ချက်တို့ဖြင့် စေတနာလုပ်ငန်းအဝဝ အောင်မြင်ကြစေရန် အားထုတ်နိုင်ကြပါစေကြောင်း နှစ်သစ်မင်္ဂလာ ဆုတောင်းစာကို ရေးသားတင်ပြလိုက်ရပါသတည်း။ ။

နှစ်ဆန်းတစ်ရက်နေ့အတွေး

* နံ့သာရေ ရွှေတစ်ခက်ရယ်နဲ့
မြန်မာတွေ အသရေတက်အောင်လို့
ရေပက်ကာ အတာပွဲကိုဖြင့်
ဆင်နွှဲ၍ ပျော်ခဲ့သည် - - -။

* အဟောင်း အညစ် အဆွေးတွေ အလျင် ဖယ်ရှားပါလို့
အကောင်း အသစ် အတွေးတွေ ရင်ဝယ်ထားကြစို့ရဲ့
ဒို့များ မြန်မာပြည်တစ်ဝန်းမှာဖြင့်
နှစ်ဆန်းခဲ့ပြီ။

* ဒို့ဝန်းကျင် ဒို့ဘဝ
ဒို့အလှ ဒို့များဆင်
ဒို့ ပြည်ခွင်သာယာအေးစေဖို့
ချစ်တေး သံပြိုင်သီလို့
တွဲလက်ညီ တစ်စိတ်ဝမ်းရယ်နဲ့
ဒို့လမ်းကို ဒို့ လျှောက်မည်
အခါမီ ရာသီထူး။

* ချစ်သောဆွေ
ချစ်သောမြေ ကမ္ဘာအရှည် မြဲအောင်လို့
သည်းရင်မှာ အမြဲအစဉ် ကိန်းပါကွဲ့
"ငြိမ်းချမ်းတဲ့ မြန်မာပြည်"
"စိမ်းလန်းတဲ့ မြန်မာပြည်"
ဒို့ပြည်ကို ဒို့မြတ်နိုးစွာနဲ့
အမျိုးသားရေး ဂုဏ်ရည်လျှမ်းစေဖို့
နိုးကြားသွေး စုံညီ အစွမ်းပြကြမယ် - - (ကွယ်)
ဆန်းစ နှစ်ဦး။ ။

မြင်းမူမောင်နိုင်မိုး

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေတောင်ကြား(၂)ရပ်ကွက် မိုးညှင်းဝိပဿနာတိုက်သစ်ကြီး၏မဟာရံတံတိုင်း ဆောက်လုပ်ပြုပြင်ရန်အတွက် ဘုရား၊ တန်ဆောင်း၊ သိမ်၊ကျောင်း၊ ရဟန်းမယ်တော်ကြီး ကျေးဇူးရှင် မိခင်ဒေါ်စိန်အားရည်စူး၍ သမီးဒေါ်သန်းသန်း၊ ဒေါ်ခင် ပြုံး၊ သား-မောင်ဝင်းနိုင်၊ မောင်ထွန်းထွန်း မိသားစု (သာကေတ)တို့က မဟာရံတံတိုင်းတစ်ခန်းအတွက် အလှူငွေကျပ်သုံးသိန်းကို နာယက ဆရာတော် မိုးညှင်းအရှင်ကန္တကထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ဝန်ကြီးဦးအောင်သောင်း ဆေးဝါးကုန်ကြမ်းစိုက်ခင်းများကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၁၆

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းသည် တာဝန်ရှိသူများလိုက်ပါ၍ ဧပြီ ၁၃ ရက်နံနက် ၈ နာရီတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်ရှိ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဆမ္မဆယ် ဆေးဝါးကုန်ကြမ်း စိုက်ခင်းသို့ သွားရောက်၍ငှက်ဖျားရောဂါကာကွယ်ဆေး ထုတ်လုပ်မှုတွင် အသုံးပြုသော အဓိကကုန်ကြမ်းဒေါနရွှေဝါ(အာတီမီးစီးယား) ပင်များစိုက်ပျိုးထားရှိမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင်စိုက်ပျိုးမည့် ဧက၂၀၀ ရှိ မြေနေရာပြုပြင်ဆောင်ရွက်နေမှု၊ စိုက်ပျိုးမြေရရှိနိုင်မှု အခြေအနေနှင့် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်မှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက်ဝန်ကြီးက ငှက်ဖျားရောဂါကာကွယ်ဆေး ထုတ်လုပ်မှုတွင် အဓိက ကုန်ကြမ်းဖြစ်သဖြင့် ရည်မှန်းချက်ထက်ပိုမိုစိုက်ပျိုးကြရန် မှာကြားသည်။

ထို့မှတစ်ဆင့်ဝန်ကြီးသည်ငွေရည်ပုလဲကုမ္ပဏီ ဆင်းရွှေလီ သကြားစက်ရုံ၌ စက်များပြုပြင်မွမ်းမံနေမှုနှင့်သိုလှောင်ရုံများကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ဝန်ကြီးသည်မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဆေးဝါး ကုန်ကြမ်းစိုက်ခင်း(ပွဲကောက်)သို့သွားရောက်၍ ဒေါနရွှေဝါ(အာတီမီးစီးယား) မျိုးထိန်းခြံအတွင်း စိုက်ပျိုးထားသော A3 ဂျာမနီမျိုးအပင်၅၀၀ပျိုးထောင်ထားရှိမှုအခြေအနေ၊ ကိုင်းဖြတ်ပျိုးပင်များ ပျိုးထောင်ထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းနောင်ချိုမြို့နယ်ရှိ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဆမ္မဆယ် ဆေးဝါးကုန်ကြမ်း စိုက်ခင်းဒေါနရွှေဝါ(အာတီမီးစီးယား) ပျိုးခင်းကိုကြည့်ရှုစစ်ဆေးစဉ်။

(စက်မှု-၁)

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရေကျော်လမ်းနေကွယ်လွန်သူမိဘများဖြစ်ကြသော ဦးညိမ်း-ဒေါ်ခင်ကြိုင်တို့အား ရည်စူး၍ကျောက်တန်းဘိုးဘွားရိပ်သာ ဆေးပဒေသာပင် အလှူငွေအဖြစ် ငွေကျပ် ၃၀၀၀၀၀ ကို သား၊သမီး၊မြေးတစ်စုတို့က ကျောက်တန်းဘိုးဘွားရိပ်သာ ပြုစုစောင့်ရှောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌဦးချစ်ရွှေထံပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင် မဲဆန္ဒပေးပုံအဆင့်ဆင့် သရုပ်ပြ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ငန်းလမ်းညွှန်ချက်များနှင့်အညီ ပူးပေါင်းဆောင်ရွက်

နေပြည်တော် ဧပြီ ၁၆

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်နှင့် စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ပဲခူးတိုင်း(အနောက်ပိုင်း)၊ ဧရာဝတီတိုင်းတို့မှ ကော်မရှင်အဖွဲ့ခွဲဝင်များ၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲဝင်များ၊ မြို့နယ်ကော်မရှင် အဖွဲ့ခွဲဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲဝင်များ တွေ့ဆုံပွဲ အခမ်းအနားများကို ဧပြီ ၁၀ ရက်တွင် သက်ဆိုင်ရာ ပြည်နယ်/တိုင်းအသီးသီးတို့၌ ကျင်းပကြသည်။

ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်နှင့် စစ်ကိုင်းတိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များ တွေ့ဆုံပွဲကို နံနက် ၉နာရီတွင် မုံရွာမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ဝင် ဦးထွန်းထွန်းဦးက အမှာစကား ပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေး ကော်မရှင်အဖွဲ့ဝင် ဦးထွန်းထွန်းဦး၊ ဒေါက်တာမောင်ထူး၊ ဦးရှီသီး၊ စစ်ကိုင်းတိုင်း ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ ကျေးရွာကော်မရှင် အဖွဲ့ခွဲဝင်များ၊ မဲရုံမှူးများနှင့် မဲရုံအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ဝင် ဦးထွန်းထွန်းဦးက အမှာစကားပြောကြားရာတွင် ကော်မရှင်အဖွဲ့ခွဲ အသီးသီး၏ လုပ်ငန်းတာဝန်များကို အစမှအဆုံးတိုင် သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ငန်းလမ်းညွှန်ချက်များနှင့်အညီ အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ အဆင့်ဆင့်ကြီးကြပ်ကွပ်ကဲမှုဖြင့် အောက်ခြေအထိလုပ်ငန်းများ ထိရောက်အောင်မြင်ရေးကို ပူးပေါင်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စစ်ကိုင်းတိုင်း ကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဝင်းကြည်က ဆန္ဒမဲပေးရာတွင် ကြန့်ကြာမှုမရှိစေရေး ကြိုတင်စီမံထားမှု၊ တပ်ရင်း၊တပ်ဖွဲ့များနှင့် စက်ရုံ အလုပ်ရုံများတွင် မဲရုံများ ဖွင့်လှစ်ရန် ဆောင်ရွက်ထားမှုနှင့် ဆန္ဒမဲပေးသူများ အဆင်ပြေစေရေးအတွက် စီမံဆောင်ရွက်ထားမှုတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ဝင်များသည် မုံရွာမြို့ ဆူးလေကုန်းရပ်ကွက်ရှိ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည့် ဆန္ဒမဲပေးမှု သရုပ်ပြခြင်းကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

လက်တွေ့သရုပ်ပြ

မကွေးမြို့၌ ဆန္ဒမဲပေးပုံအဆင့်ဆင့် လက်တွေ့သရုပ်ပြစဉ်။
(သတင်းစဉ်)

ဆန္ဒမဲပေးမှု သရုပ်ပြ

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့၌ ဆန္ဒမဲပေးမှု သရုပ်ပြစဉ်။
(သတင်းစဉ်)

ထို့အတူ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင် အဖွဲ့ဝင်များနှင့် မကွေးတိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များ တွေ့ဆုံပွဲကို နံနက်၉နာရီတွင် မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင် အဖွဲ့ဝင် ဒေါက်တာအောင်ဆန်းဝင်းက အမှာစကား ပြောကြားသည်။

ထို့နောက် မကွေးတိုင်း ကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌဦးမြင့်သိန်းက ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း အတည်ပြုရေး၊ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ဥပဒေနှင့် နည်းဥပဒေများကို ဆွေးနွေးတင်ပြပြီး ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာ ကော်မရှင် အဖွဲ့ခွဲဝင်များ၏ ဆွေးနွေးမေးမြန်းချက်များအပေါ် ပြန်လည်ရှင်းလင်း ဖြေကြားသည်။

ယင်းနောက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ဝင် ဒေါက်တာ အောင်ဆန်းဝင်းနှင့် အဖွဲ့ဝင်များသည် မဲရုံ နမူနာနှင့် မဲဆန္ဒပေးပုံ အဆင့်ဆင့် လက်တွေ့သရုပ်ပြသ ရှင်းလင်းမှုကို ကြည့်ရှုစစ်ဆေးကြသည်။

အလားတူ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ဝင်များနှင့် ပဲခူး တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာ အုပ်စုကော်မရှင် အဖွဲ့ခွဲဝင်များ တွေ့ဆုံပွဲကို နံနက် ၈နာရီတွင် တောင်ငူမြို့ ခပေါင်း ခန်းမ၌ကျင်းပရာ သဘာပတိ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ဝင် ဦးချစ်မောင်က အမှာ စကား ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်း ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးဖေသိန်းက ဆန္ဒမဲပေးမည့် စာရင်းကောက်ယူပြီးစီးမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းဆွေးနွေးချက်များကို ပြန်လည်ရှင်းလင်း ဖြေကြားကာ သဘာပတိက နိဂုံးချုပ် အမှာစကား ပြောကြားသည်။

ယင်းနောက် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင် အဖွဲ့ဝင် ဦးချစ်မောင်၊ ဦးထွန်းရင်နှင့် အဖွဲ့ဝင်များသည် မဲရုံများ၌ မဲရုံစတင် ဖွင့်လှစ်ချိန်မှ မဲရုံပိတ်သိမ်းပြီး မဲစာရင်းရေးသွင်းသည် အထိ ဆန္ဒမဲပေးမှုသရုပ်ပြခြင်းကို ကြည့်ရှု စစ်ဆေးကြသည်။

ထို့အတူ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင် အဖွဲ့ဝင်များနှင့် ပဲခူး တိုင်း (အနောက်ပိုင်း) ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲဝင်များ တွေ့ဆုံပွဲကို နံနက် ၁၀နာရီတွင် ပြည်မြို့ ခေတ္တရာ ရတနာမြို့တော်ခန်းမ၌ ကျင်းပရာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ဝင် ဦးချစ်လှက အမှာစကားပြောကြားသည်။

ဆက်လက်၍ ပဲခူးတိုင်း (အနောက် ပိုင်း)ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်ဝင်းဦးက ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တွေ့ဆုံပွဲကို ရပ်သိမ်းလိုက်သည်။

ထို့နောက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ဝင်ဦးချစ်လှနှင့် အဖွဲ့ဝင်များသည် ဆန္ဒမဲပေးမှု သရုပ်ပြခြင်းကို ကြည့်ရှုစစ်ဆေးကြသည်။

အလားတူပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်နှင့်ဧရာဝတီတိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများ တွေ့ဆုံပွဲကို မွန်းတည့် ၁၂နာရီတွင် ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ သဘာပတိ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ဝင် ဦးစံလွင်က အမှာစကား ပြောကြားသည်။

ယင်းနောက် ဧရာဝတီတိုင်းကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်စန်းက ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများ၏ မေးမြန်းဆွေးနွေးချက်များကို ရှင်းလင်းဖြေကြားကာ သဘာပတိ ဦးစံလွင်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ဝင် ဦးစံလွင်၊ ဦးတင်ဆန်းနှင့်အဖွဲ့ဝင်များသည် ပုသိမ်မြို့ အမှတ် (၄)ရပ်ကွက်ရှိ အမှတ်(၂၀)အခြေခံ ပညာမူလတန်းကျောင်း မဲရုံတွင် ဆန္ဒမဲပေးမှု သရုပ်ပြခြင်းကို ကြည့်ရှုစစ်ဆေးကြသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ၂၀၀၈ စာအုပ်၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေစာအုပ်၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ နည်းဥပဒေစာအုပ်၊ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင် မဲရုံမှူး လမ်းညွှန်စာအုပ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများအတွက် လုပ်ငန်း လမ်းညွှန်စာအုပ် ငါးမျိုးကို ၂၀၀၈ခုနှစ် မတ်လ ဒုတိယပတ်မှစတင်၍ သက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးသို့ ပေးပို့ဖြန့်ဝေထားပြီးဖြစ်ကြောင်း။

ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းစာအုပ် များကို မြန်မာနိုင်ငံ မြို့နယ်အသီးသီးရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာန စာကြည့်တိုက်များ၊ ယဉ်ကျေးမှုဝန်ကြီးဌာနအောက်ရှိ စာကြည့်တိုက်များ၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများရှိ စာကြည့်တိုက်များတွင် လေ့လာဖတ်ရှုနိုင်သည့်အပြင် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်၊ စာပေဗိမာန်စာအုပ်ဆိုင်များနှင့် ပြင်ပစာအုပ်ဆိုင်များ၌လည်း ဝယ်ယူဖတ်ရှုနိုင်ရန် စီစဉ်ပေးထားပြီးဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်နှင့် ဧရာဝတီတိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာ အုပ်စု ကော်မရှင်အဖွဲ့ခွဲများ တွေ့ဆုံပွဲကို ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပစဉ်။
(သတင်းစဉ်)

● ဘယ်သူခွဲခွဲ ဒို့မကွဲ ပေးကြပါစို့ ထောက်ခံမဲ။



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး နေပြည်တော်ဂေါက်ကွင်း၌ကျင်းပသည့် နေပြည်တော်မဟာသကြ်န် Tour Gold Cup ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို Tracer Ball ရိုက်၍ စတင်ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

❖ **ရှေ့ဖုံးမှ**

နေပြည်တော်တွင် ၁၈ကျင်းစီရှိသော နေပြည်တော်ဂေါက်ကွင်း၊ မြို့တော်ဂေါက်ကွင်းနှင့် ရေပြာဂေါက်ကွင်း သုံးကွင်းရှိရာ နေပြည်တော် ဂေါက်ကွင်းသည် Fairway (၇၀၀၇)ကိုက်၊ မြို့တော်ဂေါက်ကွင်းသည် Fairway (၇၀၅၉)ကိုက်နှင့် ရေပြာဂေါက်ကွင်းသည် Fairway (၆၁၈၃)ကိုက်ရှိကြပြီး ပြိုင်ပွဲဝင်အသင်း ၂၆ သင်းသည် အုပ်စုသုံးစုခွဲ၍ နေ့စဉ်အဆိုပါကွင်းများ၌ အလှည့်ကျ ဂေါက်သီးရိုက် ယှဉ်ပြိုင်ခဲ့ကြသည်။

ဖွင့်ပွဲအခမ်းအနား

အဆိုပါဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားများကို ဧပြီ ၁၃ရက် သင်္ကြန်အကျနေ့ နံနက်ပိုင်းတွင် နေပြည်တော်ဂေါက်ကွင်း၊ မြို့တော်ဂေါက်ကွင်းနှင့် ရေပြာဂေါက်ကွင်းတို့၌ ကျင်းပခဲ့သည်။

နေပြည်တော်ဂေါက်ကွင်း၌ ကျင်းပသည့် ဖွင့်ပွဲအခမ်းအနားကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက Tracer Ball ကို ရိုက်၍ ပြိုင်ပွဲကို စတင်ဖွင့်လှစ်ပေးခဲ့သည်။

အလားတူ မြို့တော်ဂေါက်ကွင်း၌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး နေပြည်တော်မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့်ကလည်းကောင်း၊ ရေပြာဂေါက်ကွင်း၌ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်ကလည်းကောင်း Tracer Ball များကိုရိုက်၍ ပြိုင်ပွဲကို စတင်ဖွင့်လှစ်ပေးခဲ့ကြသည်။

နေပြည်တော်မဟာသကြ်န် Tour Gold Cup ဂေါက်သီးရိုက်ပြိုင်ပွဲကို နေပြည်တော်မြို့တော်ဝန်က တာဝန်ယူစီစဉ် ကျင်းပပေးခြင်းဖြစ်ပြီး ကွင်းသုံးကွင်း၌ ပါဝင်ယှဉ်ပြိုင်ကြသော ပြိုင်ပွဲဝင်အသင်းများအပြင် အပျော်တမ်း ဂေါက်သီးရိုက် ဝါသနာရှင်များပါ ပါဝင်ယှဉ်ပြိုင်ကစားကြရာ ကွင်းအသီးသီးတွင် အပျော်တမ်း ဂေါက်သီးရိုက် ဝါသနာရှင်များအနက် ဆုရရှိကြသူများအား နေ့စဉ် ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါဂေါက်ကွင်းသုံးကွင်းတွင် တပ်မတော်(ကြည်း)အသင်း၊ ရေတပ်ကလပ်အသင်း၊ လေတပ်ကလပ်အသင်း၊ နေပြည်တော်တိုင်း(က)အသင်း၊ နေပြည်တော်တိုင်း(ခ)အသင်း၊ စီးပွား/ကူးသန်းအသင်း၊ ပြည်ထဲရေး (က) အသင်း၊ ပြည်ထဲရေး(ခ)အသင်း၊ နယ်စပ်/စည်ပင်အသင်း၊ သစ်တောရေးရာအသင်း၊ ကချင်ပြည်နယ်အသင်း၊ ကယားပြည်နယ်အသင်း၊ ကရင်ပြည်နယ်အသင်း၊ စစ်ကိုင်းတိုင်းအသင်း၊ ပဲခူးတိုင်း(အရှေ့ပိုင်း)အသင်း၊ ပဲခူးတိုင်း(အနောက်ပိုင်း)အသင်း၊ မကွေးတိုင်းအသင်း၊ မန္တလေးတိုင်းအသင်း၊ မွန်ပြည်နယ်အသင်း၊ ရခိုင်ပြည်နယ်အသင်း၊ ရန်ကုန်တိုင်းအသင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အသင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)အသင်း၊ မန္တလေးရွှေမန်းတောင်ကလပ်အသင်းနှင့် ကောင်းမြတ်ဂေါက်အသင်း စုစုပေါင်း(၂၆)သင်းတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ထို့နောက် နေပြည်တော်မဟာသကြ်န် Tour Gold Cup ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

မြို့တော်ဂေါက်ကွင်း ပြိုင်ပွဲဆုများ

ပထမဦးစွာ မြို့တော်ဂေါက်ကွင်း၌ ကျင်းပခဲ့သော ပြိုင်ပွဲများတွင် တစ်ဦးချင်းဆုရရှိသော ဂေါက်သီးရိုက် အားကစားသမားများနှင့် အသင်းလိုက်ဆုရရှိသော ဂေါက်သီးရိုက်အသင်းများအား ဆုများပေးအပ်ချီးမြှင့်ရာ ပါအများဆုံးဆုရရှိသော မန္တလေးတိုင်းအသင်းမှ မျိုးဝင်းအောင်၊ ဘာဒီအများဆုံးဆု ရရှိသော ပြည်ထဲရေး(က) အသင်းမှ ဇော်ဇော်လတ်၊ အဝေးဆုံးရိုက်ချက်ဆု ရရှိသော မွန်ပြည်နယ်အသင်းမှ ဇော်နိုင်၊ အနီးဆုံးရိုက်ချက်ဆု ရရှိသော မွန်ပြည်နယ်အသင်းမှ ဇော်ဝင်း၊ လိုင်းနှင့် အနီးဆုံးဆုရရှိသော ရွှေမန်းတောင်ကလပ်အသင်းမှ ကျော်ကျော်၊ အသားတင်ရိုက်ချက် (၇၄)ချက်ဖြင့် ပဥ္စမရရှိသော ရေတပ်ကလပ်အသင်းမှ သန်းဇော်၊ အသားတင်ရိုက်ချက် (၇၂)ချက်ဖြင့် စတုတ္ထရရှိသော မန္တလေးတိုင်းအသင်းမှ မျိုးဝင်းအောင်၊ အသားတင်ရိုက်ချက် (၇၂) ချက်ဖြင့် တတိယရရှိသော ရေတပ်ကလပ်အသင်းမှ ရန်မျိုးအေး၊ အသားတင်ရိုက်ချက် (၇၁)ချက်ဖြင့် ဒုတိယရရှိသော ရန်ကုန်တိုင်းအသင်းမှ မြင့်ရွှေ၊ အသားတင်ရိုက်ချက် (၆၉)ချက်ဖြင့် ပထမရရှိသော ပြည်ထဲရေး(က)အသင်းမှ ဇော်ဇော်လတ်၊ အသင်းလိုက်ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် (၃၀၄)ချက်ဖြင့် ဒုတိယရရှိသော မန္တလေးတိုင်းအသင်းနှင့် စုစုပေါင်းရိုက်ချက် (၃၀၁)ချက်ဖြင့် ပထမရရှိသော ရေတပ်ကလပ်အသင်းတို့အား နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး နေပြည်တော် မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့်က ဆုများကို ပေးအပ်ချီးမြှင့်သည်။

ရေပြာဂေါက်ကွင်းပြိုင်ပွဲဆုများ

ဆက်လက်၍ ရေပြာဂေါက်ကွင်း၌ ကျင်းပခဲ့သော ပြိုင်ပွဲများတွင် တစ်ဦးချင်းနှင့် အသင်းလိုက်ဆုများကို ပေးအပ်ချီးမြှင့်ရာ တစ်ဦးချင်းဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါအများဆုံးဆုရရှိသော ကချင်ပြည်နယ်မှ အောင်ထူး၊ ဘာဒီအများဆုံးဆုရရှိသော လေတပ်ကလပ်အသင်းမှ လှမျိုး၊ အဝေးဆုံးရိုက်ချက်ဆုရရှိသော ကချင်ပြည်နယ်မှ နေမင်း၊ အနီးဆုံးရိုက်ချက်ဆုရရှိသော လေတပ်ကလပ်အသင်းမှ ဘိုဘို၊ လိုင်းနှင့်အနီးဆုံးဆုရရှိသော တပ်မတော် (ကြည်း)အသင်းမှ ဗိုလ်ချုပ်သန်းဌေး၊ အသားတင်ရိုက်ချက်(၇၀)ဖြင့် ပဥ္စမရရှိသော ပြည်ထဲရေး(က)အသင်းမှ စိုးကျော်နိုင်၊ အသားတင်ရိုက်ချက် (၆၉)ချက်ဖြင့် စတုတ္ထရရှိသော မန္တလေးတိုင်းအသင်းမှ မင်းနိုင်၊ အသားတင်ရိုက်ချက် (၆၉)ချက်ဖြင့် တတိယရရှိသော လေတပ်ကလပ်အသင်းမှ လှမျိုး၊ အသားတင်ရိုက်ချက် (၆၉)ချက်ဖြင့် ဒုတိယရရှိသော ရှမ်းပြည်နယ် (တောင်ပိုင်း)အသင်းမှ သူရကျော်၊ အသားတင်ရိုက်ချက် (၆၈)ချက်ဖြင့် ပထမရရှိသော သစ်တောရေးရာ အသင်းမှ မျိုးမင်းအောင်၊ အသင်းလိုက် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် (၂၉၅)ချက်ဖြင့် ဒုတိယရရှိသော ကောင်းမြတ်ဂေါက်အသင်းနှင့် စုစုပေါင်းရိုက်ချက် (၂၈၈)ချက်ဖြင့် ပထမရရှိသော သစ်တောရေးရာအသင်းတို့အား နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က ဆုများကို ပေးအပ်ချီးမြှင့်သည်။

နေပြည်တော် ဂေါက်ကွင်း ပြိုင်ပွဲဆုများ

ထို့နောက် နေပြည်တော်ဂေါက်ကွင်း၌ ကျင်းပခဲ့သော ပြိုင်ပွဲများတွင် တစ်ဦးချင်းနှင့် အသင်းလိုက်ဆုများကို ဆက်လက်ချီးမြှင့်ရာ တစ်ဦးချင်းဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါအများဆုံးဆုရရှိသော လေတပ်ကလပ်အသင်းမှ ဘိုဘို၊ ဘာဒီအများဆုံးဆုရရှိသော လေတပ်ကလပ်အသင်းမှ လှမျိုး၊ အဝေးဆုံးရိုက်ချက်ဆုရရှိသော ရွှေမန်းတောင် ကလပ်အသင်းမှ မြတ်မင်းထွန်း၊ အနီးဆုံးရိုက်ချက်ဆုရရှိသော မန္တလေးတိုင်းအသင်းမှ မျိုးဝင်းအောင်၊ လိုင်းနှင့် အနီးဆုံးဆုရရှိသော ရှမ်းပြည်နယ် (တောင်ပိုင်း)အသင်းမှ အိုက်စီ၊ အသားတင်ရိုက်ချက် (၇၃)ချက်ဖြင့် ပဥ္စမရရှိသော သစ်တောရေးရာအသင်းမှ ခင်မောင်မြင့်၊ အသားတင်ရိုက်ချက် (၇၃)ချက်ဖြင့် စတုတ္ထရရှိသော ပြည်ထဲရေး (က) အသင်းမှ ဇော်ဇော်လတ်၊ အသားတင်ရိုက်ချက် (၇၃)ချက်ဖြင့် တတိယရရှိသော မန္တလေးတိုင်းအသင်းမှ မင်းနိုင်၊ အသားတင်ရိုက်ချက် (၇၁)ချက်ဖြင့် ဒုတိယရရှိသော ရေတပ်ကလပ်အသင်းမှ ရန်မျိုးအေး၊ အသားတင်ရိုက်ချက် (၇၁)ချက်ဖြင့် ပထမရရှိသော လေတပ်ကလပ်အသင်းမှ လှမျိုး၊ အသင်းလိုက်ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် (၂၉၇)ချက်ဖြင့် ဒုတိယရရှိသော မန္တလေးတိုင်းအသင်းနှင့် စုစုပေါင်းရိုက်ချက် (၂၉၇)ချက်ဖြင့် ပထမရရှိသော ရေတပ်ကလပ်အသင်းတို့အား တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ခင်မောင်ထွန်းက ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆုများချီးမြှင့်

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက မြို့တော်ဂေါက်ကွင်း၊ ရေပြာဂေါက်ကွင်းနှင့် နေပြည်တော် ဂေါက်ကွင်းတို့၌

နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် နေပြည်တော်မဟာသကြ်န် Tour Gold Cup ဂေါက်သီးရိုက်ပြိုင်ပွဲတွင် နေပြည်တော်ရှိ ရေပြာဂေါက်ကွင်း၌ တစ်ဦးချင်း အသားတင်ရိုက်ချက် (၆၈)ချက်ဖြင့် ပထမရရှိသော သစ်တောရေးရာအသင်းမှ မျိုးမင်းအောင်အား ဆုပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

တစ်ဦးချင်းပထမ

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး နေပြည်တော်မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့် နေပြည်တော်မဟာသကြ်န် Tour Gold Cup **ဂေါက်သီးရိုက်ပြိုင်ပွဲတွင် နေပြည်တော်ရှိ မြို့တော်ဂေါက်ကွင်း၌ တစ်ဦးချင်း အသားတင်ရိုက်ချက် (၆၉) ချက်ဖြင့်ပထမရရှိသော ပြည်ထဲရေး(က) အသင်းမှ ဇော်ဇော်လတ်အား ဆုပေးအပ်ချီးမြှင့်စဉ်။**

(သတင်းစဉ်)

ကျင်းပခဲ့သော ပြိုင်ပွဲများတွင် သုံးရက်ပေါ
သည့် စုစုပေါင်းရိုက်ချက် (၂၁၇)ချက်ဖြင့်
အသင်းမှ လှမျိုး၊ စုစုပေါင်းရိုက်ချက် (၂၁
ရေး(က)အသင်းမှ ဇော်ဇော်လတ်၊ အသင်း
(၈၉၈)ချက်ဖြင့် ဒုတိယရရှိသော မန္တလေး
(၈၉၄)ချက်ဖြင့် ပထမရရှိသော သစ်တော
အပ်ချီးမြှင့်သည်။

ဆုဖလားကြီး

ယင်းနောက် အတွင်းရေးမှူး(၁) စ
သီဟသူရတင်အောင်မြင့်ဦးက နေပြည်
ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အကောင်းဆုံးအ
အသင်းအား နေပြည်တော်မဟာသကြ်န်
ပေးအပ်ချီးမြှင့်ပြီး ဆုချီးမြှင့်ပွဲ အခမ်းအန

တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ခင်
နေပြည်တော်ဂေါက်ကွင်း၌ အသင်းလိုက် ပ

MRTV-4 ရုပ်မြင်

၁၇-၄-၂၀၀၈ (ကြာ

AM & PM

၇း၀၀ - ၁း၀၀ MRTV-4 အဖွင့် Log
၇း၀၅ - ၁း၀၅ "ပရိတ်ကြီး(၁၁)သုတ်"
အဂ္ဂမဟာသဒ္ဓမ္မဇောတိက
(ရွှေလင်းယုန်ဆရာတော်
၈း၀၀ - ၂း၀၀ နိဗ္ဗာန်ဆီသို့… အမေးအ
၈း၂၅ - ၂း၂၅ တေးဂီတအစီအစဉ်
၈း၃၀ - ၂း၃၀ Yangon Panorama
၈း၅၅ - ၂း၅၅ အရဏ်ဦးမှာကြည်ညိုပူ
၉း၁၀ - ၃း၁၀ ပြည်တွင်းသတင်းအကျဉ်
၉း၂၀ - ၃း၂၀ ရတနာကိုးသွယ်စီကာသ
၉း၄၀ - ၃း၄၀ တေးဂီတအစီအစဉ်
၉း၄၅ - ၃း၄၅ သင်္ကြန်အတက်နေ့မြင်ကွ
၁၀း၀၀ - ၄း၀၀ နိုင်ငံတကာသတင်းအကျ
၁၀း၀၅ - ၄း၀၅ ဆည်းဆာဘဝအလှဝေစ

၁၃၆၉ ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန် ရေသဘင်မဏ္ဍပ် ပိတ်ပွဲနှင့် ဆုပေးပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၁၆

၁၃၆၉ ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ် ပိတ်ပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းတွင် မြို့တော်ခန်းမရှေ့၌ ကျင်းပရာ ၁၃၆၉ ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန် ရေသဘင်ပွဲတော် ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးကျော်စိုး တက်ရောက်ပြီး ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်ကို ပိတ်သိမ်းပေးသည်။

ပိတ်ပွဲ အခမ်းအနားသို့ ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန် ရေသဘင်ပွဲတော် ကျင်းပရေး ဦးစီးကော်မတီဝင်များနှင့် လုပ်ငန်းကော်မတီဝင်များ၊ ဌာနမှူးများ၊ တေးဂီတအဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် ယိမ်းအဖွဲ့များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ၁၃၆၉ ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန် ရေသဘင်ပွဲတော် ကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးကျော်စိုးက ညနေ ၄ နာရီ ၄၅ မိနစ်တွင် ၁၃၆၉ ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန် ရေသဘင်ပွဲတော် အောင်မြင်စွာပြီးဆုံးကြောင်းနှင့် ရေသဘင်မဏ္ဍပ်ပိတ်သိမ်းကြောင်း ကြေညာသည်နှင့် တစ်ပြိုင်နက် ရခိုင်ရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ယိမ်းအဖွဲ့ဝင်များ၊ ဝန်ထမ်းမိသားစုများ၊ အတာသင်္ကြန်ပွဲတော်လာ ပြည်သူများက ""မန်းတောင်ရိပ်ခို"" တေးသီချင်းကို သံပြိုင်သီဆိုကပြဖျော်ဖြေကာ ၁၃၆၉ ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန် ရေသဘင်ပွဲတော်နှင့် ရေသဘင်မဏ္ဍပ်ကို အောင်မြင်စွာ ပိတ်သိမ်းလိုက်သည်။

ညပိုင်းတွင် ၁၃၆၉ ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသော ယိမ်းအဖွဲ့များ၊ အိုးစည်နှင့် ဒိုးပတ်အဖွဲ့များအား တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။ (သတင်းစဉ်)

၁၃၆၉ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန် ရေသဘင်မဏ္ဍပ် ပိတ်ပွဲကျင်းပစဉ်။

(သတင်းစဉ်)

ရေသဘင်ပွဲတော် နောက်ဆုံးနေ့ ရန်ကုန်မြို့တစ်မြို့လုံး အေးချမ်းပျော်ရွှင်စွာ ရေကစား

ရန်ကုန် ဧပြီ ၁၆

ယနေ့သည် မဟာသင်္ကြန် အတက်နေ့ဖြစ်သည်။ မြန်မာသက္ကရာဇ် ၁၃၆၉ ခုနှစ် နှောင်းတန်ခူးလဆန်း ၁၁ ရက် ဗုဒ္ဓဟူးနေ့ဖြစ်သော ယနေ့နံနက် ၁ နာရီ ၇ မိနစ်နှင့် ၄၁ စက္ကန့် အချိန်တွင် မဟာသင်္ကြန်တက်ပြီး ဦးတန်ခူးလဆန်း ၁၂ ရက် ကြာသပတေးနေ့မှစ၍ မြန်မာသက္ကရာဇ်သည် ၁၃၇၀ ပြည့်နှစ်သို့ ရောက်ရှိသွားမည်ဖြစ်သည်။ ၁၃၆၉ ခုနှစ်၏ နောက်ဆုံးရက် မဟာသင်္ကြန် အတက်နေ့တွင် ရေသဘင်ပွဲတော် နောက်ဆုံးနေ့အဖြစ် မမောနိုင် မပန်းနိုင် နံနက်ပိုင်းမှစ၍ ညနေပိုင်းအထိ အေးချမ်းပျော်ရွှင်စွာ ရေကစားကြသူများ၏ ပျော်ရွှင်ကြည်နူးသံများ၊ တေးဂီတသံများဖြင့် ရန်ကုန်မြို့ တစ်မြို့လုံး ပျံ့လွှင့်လျက်ရှိသည်။

ယခုနှစ် မဟာသင်္ကြန်ပွဲတော်ကာလတွင် ရန်ကုန်မြို့ရှိ မြို့နယ်များတွင် ရပ်ကွက်၊ လမ်း၊ ဈေးမိသားစု၊ ခရီးသည်ပို့ဆောင်ရေးယာဉ်လိုင်းများ၊ အငှားယာဉ် ယာဉ်မောင်းများ၊ အနေးယာဉ် လုပ်သားများကလည်း စုပေါင်း၍ မဏ္ဍပ်များဆောက်ကာ မြန်မာ့ရိုးရာ အစားအစာများ၊ သင်္ကြန်ထမင်း၊ မုန့်လုံးရေပေါ်၊ ရွှေရင်အေး၊ ကြာဆံချက်၊ ကြာဆံကြော်၊ ခေါက်ဆွဲကြော်စသည်တို့ကို စတုဒိသာဒါနအဖြစ် လှူဒါန်းကြသည်မှာ ယနေ့ညနေတိုင်အောင်ပင်ဖြစ်သည်။

ရန်ကုန်တိုင်း မြို့နယ်အချို့ရှိ ရပ်ကွက်များ၌ နှစ်ကျိပ်ရှစ်ဆူ လှည့်လည်ပူဇော်ခံပွဲများ၊ ရဟန်းခံ ရှင်ပြု အလှူပွဲများ၊ သင်္ကြန်တွင်း တရားပွဲများ၊ ဝိပဿနာတရားစခန်းပွဲများ စီစဉ်ကျင်းပကြသည်။ အထူးသဖြင့် မဟာသင်္ကြန်အတာ ရေသဘင်ပွဲကို ဆင်နွှဲကြရာတွင် ရန်ကုန်တိုင်းစည်ပင်သာယာရေးနယ်နိမိတ်အတွင်း၌ ရေကစားမဏ္ဍပ်ပေါင်း ၃၀၀ ဆောက်လုပ် ရေကစားကြသည့်အပြင် မိသားစုအလိုက်၊ မိတ်ဆွေ အပေါင်းအသင်းအလိုက် ရေပိုက်၊ ရေစည်တို့ဖြင့်လည်း လမ်းဘေးဝဲယာတို့မှ ရေကစားကြရာ ရန်ကုန်မြို့တစ်မြို့လုံး သင်္ကြန်ရေ ရွှဲရွှဲစို၍ ခေတ်အလိုက် တေးဂီတသံများ ဝေစည်နေသည်။ နိုင်ငံတော်အနေဖြင့် ပြည်သူများအား မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်တွင် အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနိုင်စေရေးအတွက် သတိပေးနှိုးဆော်မှုများပြုခြင်း၊ ထိန်းသိမ်းဆောင်ရွက်စေခြင်း တို့ကြောင့် ၁၃၆၉ ခုနှစ် မဟာသင်္ကြန်ပွဲတော် ကာလတစ်လျှောက်တွင် ရန်ကုန်မြို့၌ ပြည်သူများအေးချမ်း ပျော်ရွှင်စွာ မဟာသင်္ကြန် ရေသဘင်ပွဲတော်ကို ဆင်နွှဲနိုင်ကြပြီး လာမည့် နှစ်သစ်တွင် ရန်လည်းကင်းဝေး၊ ဘေးလည်း ကင်းကွာ အေးချမ်းပျော်ရွှင်စွာ မိမိအကျိုး၊ နိုင်ငံ့အကျိုး သယ်ပိုးထမ်းဆောင်ကြမည့် အတိတ်ကောင်း၊ နိမိတ်ကောင်းကို ဆောင်လျက်ရှိသည်။ (သတင်းစဉ်)

ကျင်းပခဲ့သော ပြိုင်ပွဲများတွင် သုံးရက်ပေါင်း ရိုက်ချက် တစ်ဦးချင်းဆုရရှိကြသည့် စုစုပေါင်းရိုက်ချက် (၂၁၇)ချက်ဖြင့် ဒုတိယရရှိသော လေတပ်ကလပ်အသင်းမှ လှမျိုး၊ စုစုပေါင်းရိုက်ချက် (၂၁၃)ချက်ဖြင့် ပထမရရှိသော ပြည်ထဲရေး(က)အသင်းမှ ဇော်ဇော်လတ်၊ အသင်းလိုက်အနေဖြင့် စုစုပေါင်းရိုက်ချက် (၈၉၈)ချက်ဖြင့် ဒုတိယရရှိသော မန္တလေးတိုင်းအသင်း၊ စုစုပေါင်းရိုက်ချက် (၈၉၄)ချက်ဖြင့် ပထမရရှိသော သစ်တောရေးရာအသင်းတို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆုဖလားကြီးပေးအပ်

ယင်းနောက် အတွင်းရေးမှူး(၁) စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက နေပြည်တော်မဟာသင်္ကြန် Tour Gold Cup ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အကောင်းဆုံးအသင်းဆုရရှိသော သစ်တောရေးရာအသင်းအား နေပြည်တော်မဟာသင်္ကြန် Tour Gold Cup ဆုဖလားကြီးကို ပေးအပ်ချီးမြှင့်ပြီး ဆုချီးမြှင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဆုချီးမြှင့်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး အသင်းလိုက် စုစုပေါင်းရိုက်ချက်(၈၉၈)ချက်ဖြင့် ဒုတိယရရှိသော မန္တလေးတိုင်းအသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ခင်မောင်ထွန်း နေပြည်တော် မဟာသင်္ကြန် Tour Gold Cup **ဂေါက်သီးရိုက်ပြိုင်ပွဲတွင် နေပြည်တော်ဂေါက်ကွင်း၌ အသင်းလိုက် ပထမရရှိသော ရေတပ်ကလပ်အသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)

● နိုင်ငံသစ်ဆီ ဒို့ဦးတည် အခြေခံဥပဒေ အတည်ပြုမည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၇-၄-၂၀၀၈ (ကြာသပတေးနေ့)

AM & PM

၇:၀၀ - ၁:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅ - ၁:၀၅	"ပရိတ်ကြီး(၁၁)သုတ်"" အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တအရဝိန္ဒာဘိဝံသ (ရွှေလင်းယုန်ဆရာတော်)
၈:၀၀ - ၂:၀၀	နိဗ္ဗာန်ဆီသို့… အမေးအဖြေများ
၈:၂၅ - ၂:၂၅	တေးဂီတအစီအစဉ်
၈:၃၀ - ၂:၃၀	Yangon Panorama
၈:၅၅ - ၂:၅၅	အရဟံဦးမှာကြည်ညိုပူဇော်မန္တလေးမဟာမုနိရုပ်ရှင်တော်
၉:၁၀ - ၃:၁၀	ပြည်တွင်းသတင်းအကျဉ်း
၉:၂၀ - ၃:၂၀	ရတနာကိုးသွယ်စီကာသခြယ်
၉:၄၀ - ၃:၄၀	တေးဂီတအစီအစဉ်
၉:၄၅ - ၃:၄၅	သင်္ကြန်အတက်နေ့မြင်ကွင်း
၁၀:၀၀ - ၄:၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၀၅ - ၄:၀၅	ဆည်းဆာဘဝအလှဝေစည် မေတ္တာဝတီ
၁၀:၂၀ - ၄:၂၀	မိုးလေဝသခန့်မှန်းချက်
၁၀:၂၅ - ၄:၂၅	အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓတက္ကသိုလ်၏ တရားရှုမှတ်ခြင်းများ
၁၀:၃၅ - ၄:၃၅	တေးဂီတအစီအစဉ်
၁၀:၄၀ - ၄:၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၀:၅၀ - ၄:၅၀	Shopping Guide (မာလာမြိုင်စိုက်ပျိုးရေးစင်တာ)
၁၁:၁၀ - ၅:၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၁၅ - ၅:၁၅	သာသနာပျိုးခင်း
၁၁:၂၀ - ၅:၂၀	တေးဂီတအစီအစဉ်
၁၁:၃၅ - ၅:၃၅	လွမ်းမိတဲ့သင်္ကြန်
၁၂:၀၅ - ၆:၀၅	အနုပညာရပ်ဝန်းမှရင်ခုန်သံများ ""ဟော့ရှော့""
၁၂:၃၅ - ၆:၃၅	သဘာဝကပေးတဲ့အကျိုးအာနိသင်
၁:၀၀ - ၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ENGLISH Premier League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁:၂၄	Everton-Chelsea	ESPN(Live)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၇-၄-၂၀၀၈ (ကြာသပတေးနေ့)

(၁၃၇၀ပြည့်နှစ်၊ မြန်မာနှစ်ဆန်း ၁ရက်နေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်း သာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၃၀ ၂။ နံနက်ခင်းသတင်း
- ၇:၄၀ ၃။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (အဖွဲ့ဝင်)ရောဝတီတိုင်း၊ ဟင်္သာတမြို့၊ မိုးကောင်းကျောင်းတိုက်ဆရာတော်၊ ဘဒ္ဒန္တသုမင်္ဂလ(အဂ္ဂမဟာပဏ္ဍိတ) ဟောကြားတော်မူအပ်သော မင်္ဂလာတရားတော်
- ၈:၄၅ ၄။ ဘဒ္ဒန္တကုမာရ(အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)ဥက္ကဋ္ဌဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ မဟာဝိသုတာရာမတိုက်သစ် မကွေးမြို့ထံမှ နဝင်္ဂဥပေါသဌသီလ ခံယူဆောက်တည်ခြင်း
- ၉:၀၀ ၅။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ သံဃာတော်အပါး(၅၀၀၀)က ချီးမြှင့်သော ပရိတ်တရားတော်
- ၆:၀၀ ၂။ ညနေခင်းသတင်း
- ၆:၃၀ ၃။ မိုးလေဝသအခြေအနေ
- ၇:၃၀ ၄။ "စိတ်အားထက်သန်ဆန္ဒအမှန်"
- ၈:၀၀ ၅။ ပြည်တွင်းသတင်း
- ၆။ နိုင်ငံတကာသတင်းများ
- ၇။ မိုးလေဝသအခြေအနေ
- ၈။ "ခက်အောင်လုပ်နေသူများ"
- ၉။ ဇေယျတုသဗ္ဗမင်္ဂလံ (ဆရာကြီးဦးသုခ)
- ၁၀။ အစီအစဉ်ပြီး၏။

နေပြည်တော် မဟာသင်္ကြန် Tour Gold Cup ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပခဲ့သည့် အဆင့်မီ နေပြည်တော် ဂေါက်ကွင်း၊ မြို့တော် ဂေါက်ကွင်းနှင့် ရေပြာဂေါက်ကွင်း တို့၏ မှတ်တမ်းဓာတ်ပုံများ။

နေပြည်တော်ဂေါက်ကွင်း

အဆင့်မီ တည်ဆောက်ထားသော နေပြည်တော်ရှိ နေပြည်တော် ဂေါက်ကွင်း **Club House** (အပေါ်ပုံ)**နှင့်** **Fairway**(ဝဲပုံ) **တို့ကို တွေ့ရစဉ်။**

(သတင်းစဉ်)

မြို့တော်ဂေါက်ကွင်း

အဆင့်မီတည်ဆောက်ထားသော နေပြည်တော်ရှိ မြို့တော်ဂေါက်ကွင်း Club House (အပေါ်ဝဲပုံ)၊ **တီခုံ** (အပေါ်ပုံ) **နှင့်** Fairway & Green (ဝဲပုံ)**တို့ကိုတွေ့ရစဉ်။**

(သတင်းစဉ်)

ရေပြာဂေါက်ကွင်း

အဆင့်မီတည်ဆောက်ထားသော နေပြည်တော်ရှိ ရေပြာဂေါက်ကွင်း Club House (ဝဲပုံ)နှင့် **တီခုံနှင့်** Fairway (အပေါ်ပုံ) **တို့ကို တွေ့ရစဉ်။**

(သတင်းစဉ်)

စတုတ္ထအကြိမ် ကြည့်မြင်တိုင်ကျောင်းကြီးတိုက် မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး နှစ်ဦးစမ္မသဘင် အထူးတရားပွဲ

"သစ်ဆန်းကြားနာ၊ စင်ကြယ်စွာသား"
ယုံမှားပယ်တတ်၊ ဖြောင့်မတ်ယူမြင်၊
စိတ်ကြည်လင်ရိုး၊ ဤငါးမျိုးသည်
တရားနာရာ အကျိုးတည်း။

အင်္ဂုတ္တိုရ် ပါဠိတော်တွင် ဗုဒ္ဓဘုရား ဟောကြားတော်မူသည့်အတိုင်း ဘုရားရှင်၏ တရားတော်များကို ရိုသေစွာ ကြားနာရသူတိုင်း အထက်ပါ အကျိုးတရားငါးပါးတို့ဖြင့် ပြည့်စုံကြစေရန် စိတ်ရည်သန်၍ ရန်ကုန်မြို့ ကြည့်မြင်တိုင် မြို့နယ် ကျောင်းကြီးတိုက်အတွင်း ကိန်းဝပ် စံပယ်လျက်ရှိသော မဟာသကျမုနိ ရုပ်ပွားတော်မြတ်ကြီး၏ စတုတ္ထအကြိမ် နှစ်ဦးစမ္မသဘင်အထူးတရားပွဲကို တစ်ဖက်ပါအတိုင်း ဆင်ယင် ကျင်းပမည်ဖြစ်ပါ၍ သဒ္ဓါတရား ဦးထိပ်ထားလျက် တရားနာ ကြွရောက်ပါရန် ကောင်းမြတ်သော မနသီ၊ ရွှင်ကြည်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

ဟောကြားမည့်ဆရာတော်ကြီးများ	ဟောကြားမည့်နေ့ရက်
စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အဓိပတိ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ D. Litt (Ph.D)	၁၃၇၀ပြည့်နှစ် တန်ခူးလပြည့်နေ့ (တနင်္ဂနွေနေ့) ၂၀-၄-၂၀၀၈
ဓမ္မကထိက ဗဟုဇနဟိတဓရ ဓမ္မာစရိယ ဓမ္မဒူတ အရှင်ဆေကိန္ဒ	၁၃၇၀ပြည့်နှစ် တန်ခူးလပြည့်ကျော်(၁)ရက် (တနင်္လာနေ့) ၂၁-၄-၂၀၀၈
တိပိဋကဓရ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာအကျော် ဘဒ္ဒန္တ သိရိန္ဒာ ဘိဝံသ (ယောဆရာတော်)	၁၃၇၀ပြည့်နှစ် တန်ခူးလပြည့်ကျော်(၂)ရက် (အင်္ဂါနေ့) ၂၂-၄-၂၀၀၈

အထူးတရားပွဲအစီအစဉ်

ကျင်းပမည့်နေ့ရက်

၁၃၇၀ပြည့်နှစ် တန်ခူးလပြည့်နေ့မှ လပြည့်ကျော်(၂)ရက်နေ့အထိ (၂၀၀၈ခုနှစ် ဧပြီလ ၂၀ရက်နေ့မှ ၂၂ရက်နေ့အထိ)

ကျင်းပမည့်နေရာ

မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး ဂန္ဓကုဋီတန်ဆောင်းတော်ကြီး၊ ကျောင်းကြီးတိုက် ကျောင်းကြီးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်။

ကျင်းပမည့်အချိန်

ညစဉ် (၇)နာရီ



တောင်ကြီး ရေကစားမဏ္ဍပ်တွင် တေးသံရှင်များ၏ ဖျော်ဖြေမှုနှင့် ရေပက်ခံသူများ၊ ရေပက်ကစားသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

တောင်ကြီးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်တွင် ပြည်သူများ တည်ငြိမ်အေးချမ်းစွာ၊ စည်ကားသိုက်မြိုက်စွာ ဆင်နွှဲ

နေပြည်တော် ဧပြီ ၁၆

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ဖွင့်ပွဲကို သင်္ကြန်အကြိုနေ့ ညနေ ၄နာရီတွင် ဗဟိုမဏ္ဍပ်၌ ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးက ဖွင့်လှစ်ပေးခဲ့သည်။ ထို့အတူ တောင်ကြီးရေကစား မဏ္ဍပ်၊ ငြိမ်းချမ်းရေး မဟာသင်္ကြန်မဏ္ဍပ်၊ ပိတောက်ချယ်ရီမဏ္ဍပ်နှင့် အိပ်မက်သင်္ကြန်မဏ္ဍပ်နှင့် မြို့ပေါ်ရပ်ကွက် မဏ္ဍပ်များကို လည်း ဖွင့်လှစ်ကာ မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကို စတင်ဆင်နွှဲကြသည်။

ဧပြီ ၁၂ရက် သင်္ကြန်အကြိုနေ့ ညပိုင်းတွင် ဗဟိုမဏ္ဍပ်၌ ဒေသခံလုံမေများ၏ အဆို၊ အကများဖြင့် ဧည့်ခံဖျော်ဖြေကြပြီး ပြိုင်ပွဲဝင်သင်္ကြန်ယိမ်းအဖွဲ့များ စတင်ပြိုင်ပွဲဝင်ကြရာ မြပိတောက် ရွှေဝါယိမ်းအဖွဲ့၊ ချယ်ရီမေယိမ်းအဖွဲ့၊ မင်္ဂလာနှစ်ဦး၊ နွေဦးပျိုဖြူ ယိမ်းအဖွဲ့၊ ဆန်းသစ်ယဉ်သူဇာယိမ်းအဖွဲ့၊ နွေဦးကလျာယိမ်းအဖွဲ့နှင့် အတာမေ ယိမ်းအဖွဲ့တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ဧပြီ ၁၃ရက် သင်္ကြန်အကျနေ့ နံနက် ၈ နာရီတွင် တောင်ကြီးမြို့ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် ရွှေနေကြာမဏ္ဍပ်ဖွင့်ပွဲကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးက ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီးနောက် သင်္ကြန် ယိမ်းအဖွဲ့များနှင့် ရွှေနေကြာတေးဂီတအဖွဲ့များက အစဉ် အလာမပျက် ကပြဖျော်ဖြေကာ စတုဒိသာများ ကျွေးမွေးဧည့်ခံကြသည်။

ယင်းနောက် တောင်ကြီးမြို့ ဗိုလ်ချုပ်လမ်း ပြည်နယ် စိုက်ပျိုးရေးရုံးရှေ့ရှိ ပြည်နယ်စက်မှု ကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီး ဌာနနှင့် စက်မှုလုပ်ငန်းရှင်များ၏ စက်မှုဇုန်မဏ္ဍပ်၌ တောင်ပေါ် သင်္ကြန်ယိမ်းအဖွဲ့နှင့် တုပ်ပလုပ်တုပ် သက်ကြီးယိမ်းအဖွဲ့တို့၏ ကပြ ဖျော်ဖြေမှုကို တိုင်းမှူးနှင့် အဖွဲ့ဝင်များ၊ ပြည်သူများက ကြည့်ရှု အားပေးကြသည်။

ဆက်လက်၍ ဌာနဆိုင်ရာပေါင်းစုံ၏ အိပ်မက်သင်္ကြန်မဏ္ဍပ်၌ ချယ်ရီမေယိမ်းအဖွဲ့နှင့် ရွှေအိပ်မက် ယိမ်းအဖွဲ့တို့က သင်္ကြန်ကာလ တွင် ပျော်ရွှင်ချမ်းမြေ့စွာ ပါဝင်ဆင်နွှဲကြသည်။

ထိုကဲ့သို့ တောင်ကြီးမြို့၏ သင်္ကြန်အလှပသာဒနှင့်အတူ ကျက်သရေဆောင် ရွှေဘုန်းပွင့်ဘုရား၌ သံဃာတော် အရှင်မြတ်များအား တိုင်းမှူးနှင့် အလှူရှင်များက နေ့ဆွမ်းဆက်ကပ်ပြီး ဘုရားဖူးလာသည့် ဧည့်ပရိသတ်များကိုလည်း စတုဒိသာ ကျွေးမွေးကြသည်။

ယင်းနေ့တွင် တောင်ကြီးမြို့ ရေကစားမဏ္ဍပ်၌ လေးဇီးကလပ်နှင့် အင်ပါယာ စင်တင်တေးဂီတအဖွဲ့ဖြင့် တောင်ကြီးမြို့မှ တေးဂီတ ဝါသနာရှင်များ၏ မမောမပန်း ဖျော်ဖြေတင်ဆက်မှုဖြင့် ဒေသခံ တိုင်းရင်းသား ပြည်သူလူထုတို့ တိုးမပေါက်အောင် အားပေးကြည့်ရှုရာ စည်ကားလျက်ရှိသည်။

ထို့အပြင် ရှမ်းပြည်နယ် အစည်းအဝေးခန်းမရှေ့ရှိ တောင်ကြီးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ဌာနဆိုင်ရာများ၏ ပိတောက်ချယ်ရီမဏ္ဍပ်တွင်လည်း တန်ခူးချိန်ခါ သင်္ကြန်ကာလ၏ တစ်မူထူးခြားကာ သက်ကြီးရွယ်အိုများ၏ ပိတောက်မမ ယိမ်းအဖွဲ့တို့ပါ ပါဝင်ဆင်နွှဲကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့၊ ဒေသခံပြည်သူများသည် နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ဒေသခံတိုင်းရင်းသားအဖွဲ့များ၏ ငြိမ်းချမ်းရေး မဟာသင်္ကြန်မဏ္ဍပ်၌ တောင်ကြီးဒေသရှိ ဗမာ၊ ရှမ်း၊ ပအိုဝ်း၊ ကိုးကန့်၊ ဝ၊ အင်းသား စသည့် တိုင်းရင်းသား ရိုးရာယဉ်ကျေးမှု သင်္ကြန်အက အလှကို ကြည့်ရှုအားပေးအားပေးကြသည်။

သင်္ကြန်အကြတ် ပထမနေ့၊ ဒုတိယနေ့များတွင်လည်း မြန်မာ့ရိုးရာ ယဉ်ကျေးမှုသင်္ကြန်ကာလ အစဉ်အလာနှင့်အညီ မွှေးပျံ့သောရနံ့၊ အေးမြသောရေတို့ဖြင့် သွန်းလောင်းကြ၍ ရေပက်သူရော၊ ရေပက်ခံရသူတို့ပါ ပျော်ရွှင် ကြည်နူးစွာ ရေပက်ကစားကြသည်။ မြို့အနှံ့တွင်လည်း ရေပက်ခံကားများသည် ပျော်ရွှင်စွာ လှည့်လည်ဆင်နွှဲကြသည်။ အလားတူ ဘုရားကျောင်းကန်များ၌လည်း အလှူဒါနပြုကြသူများဖြင့် စည်ကားသိုက်မြိုက်စွာ တွေ့ရပြီး ဒေသထုံးတမ်းဓလေ့နှင့်အညီ ကျောင်းတက်ပွဲများ ဆင်နွှဲ ကြသည်။

ကျေးဇူးတင်ဂုဏ်ယူဝမ်းမြောက်ကြောင်း

M & M Gano Trading Co.,Ltd. (Gano Excel Myanmar) ၏ (၅. ၄. ၀၈) စနေနေ့ **CHATRIUM HOTEL (Grand Ball Room)** ၌ ကျင်းပပြုလုပ်ခဲ့သော (၅)နှစ်မြောက် နှစ်ပတ်လည်ဂုဏ်ပြု အခမ်းအနားနှင့် (၆. ၄. ၀၈)တနင်္ဂနွေနေ့တွင် ကျင်းပပြုလုပ်ခဲ့သော ဒုတိယ အကြိမ်မြောက် **Director** ဆုချီးမြှင့်ခြင်းနှင့် ပျော်ပွဲရွှင်ပွဲ အခမ်းအနားများ စည်ကားသိုက်မြိုက်စွာဖြင့် အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ခြင်းတို့အတွက် **MD** ဒေါ်နွယ်နွယ်စိုးအား လှိုက်လှဲစွာ ကျေးဇူးတင် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

၁။ ဦးဝင်းထိန်	Crown Diamond Director	၂၄။ ဦးလွမ်းဇေ	Diamond Director
၂။ ဦးကြည်လွင်	Gold Diamond Director	၂၅။ ဦးဝင်းလွင်	။
၃။ ဦးစန်းမောင်	။	၂၆။ ဦးတင်ဝင်း	။
၄။ ဦးကံထွန်း	။	၂၇။ ဦးကျော်စိုး	။
၅။ ဦးဇင်ဗိုလ်ဗိုလ်လင်း ဒေါ်ဆွေသီး	။	၂၈။ ဦးသက်ဦး	။
		၂၉။ ဦးဘို	။
၆။ ဦးဝင်းရှိန်သောင်း	Silver Diamond Director	၃၀။ ဒေါ်တင်တင်ဦး	။
၇။ ဦးလှဦး	။	၃၁။ ဦးမင်းစိုးသန်း ဒေါ်ခင်သီတာကိုး	။
၈။ ဒေါ်တင်နု	။		
၉။ ဒေါ်တင်တင်ညို	။	၃၂။ ဒေါ်ရီရီအေး	။
၁၀။ ဒေါ်မြစိမ်းလွင်	။	၃၃။ ဒေါ်စန်းစန်းရီ	။
၁၁။ ဒေါ်ရီရီပြုံး	။	၃၄။ ဦး Sမင်းအောင် ဒေါ်ခင်မြင့်ဝေ	။
၁၂။ ဒေါ်စိုးစံ	။		
၁၃။ ဒေါ်သန်းဝင်း	။	၃၅။ ဒေါ်ဆွေဆွေဝင်း	။
၁၄။ ဒေါ်ယဉ်ယဉ်စု	။	၃၆။ ဒေါ်ကျင်ယုံ	။
၁၅။ ဦးသောင်းထွန်း ဒေါ်စံပယ်ခင်	။	၃၇။ ဒေါ်ခင်ဝင်းသော်	။
		၃၈။ ဒေါ်ရီလွင်	။
၁၆။ ဒေါ်နုနုလွင်	။	၃၉။ ဒေါ်ခင်လေးနွယ်	။
၁၇။ ဒေါ်မြင့်မြင့်ဝင်း	။	၄၀။ ဒေါ်ခင်အုန်းမြင့်	။
၁၈။ ဒေါ်နွယ်နွယ်အောင်	။	၄၁။ ဒေါ်ခင်ခင်မြင့်	။
၁၉။ ဒေါ်အေးစိန်	။	၄၂။ ဒေါ်တင်တင်	။
၂၀။ ဦးဝင်းမြင့်	Diamond Director	၄၃။ ဒေါ်သင်းသင်းလှဲ	။
၂၁။ ဦးကျော်မိုး	။	၄၄။ ဒေါ်သင်းသင်းနွယ်	။
၂၂။ ဦးသိန်းဌွေးအောင်	။	၄၅။ ဒေါ်အေးအေးမြင့်	။
၂၃။ ဦးအေးထွန်း	။	၄၆။ ဒေါ်မြင့်မြင့်ဆွေ	။

Gano Excel Myanmar မိသားစု

စတုဒိသာ အလှူဒါနပြုကြသူများကို လည်း နေရာအနှံ့၌ တွေ့ရသည်။

တောင်ကြီး မဟာသင်္ကြန်၏ ညချမ်းအခါသမယတွင် တောင်ကြီး ဗဟိုမဏ္ဍပ်၌ ကမ္ဘောဇ လှပျိုဖြူများ၏ ပြိုင်ပွဲဝင် ယိမ်းအဖွဲ့ (၂၇)ဖွဲ့ ပါဝင်ယှဉ်ပြိုင်မှု၊ အလှပြယာဉ်များ၏ ပါဝင် ယှဉ်ပြိုင်မှု၊ ရွှေနေကြာရေကစားမဏ္ဍပ်၊ စက်မှုဇုန်ရေကစားမဏ္ဍပ်၊ ငြိမ်းချမ်းရေး ရေကစားမဏ္ဍပ်၊ အိပ်မက်သင်္ကြန်မဏ္ဍပ်နှင့် ပိတောက်ချယ်ရီမဏ္ဍပ်တို့တွင် ယိမ်းအကအဖွဲ့များ၏ ကပြဖျော်ဖြေမှုများနှင့် စင်တင်တေးဂီတများဖြင့် ဖျော်ဖြေမှု၊ တောင်ကြီးရေကစားမဏ္ဍပ်တွင် လေးဇီးကလပ်နှင့် အင်ပါယာတေးဂီတအဖွဲ့တို့က တေးသံရှင် ဇော်ဝင်းထွဋ်၊ ဘိုဖြူ၊ စည်သူလွင်၊ ဇော်ပိုင်၊ ဟန်ထွန်း၊ နောနော်၊ ရေဗက္ကာဝင်း၊ အယ်လ်ဆိုင်းဇီဝိုင်းစု ခိုင်သိန်း၊ ရတနာမိုင်၊ ဇမ်နူး၊ မေစပယ်ညိုနှင့် တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုတို့ကို ဒေသခံပြည်သူများ အေးချမ်းပျော်ရွှင်စွာဖြင့် ကြည့်ရှုအားပေးလျက်ရှိသည်။

သင်္ကြန်အကြိုနေ့မှ သင်္ကြန်အတက်နေ့အထိ မြန်မာ့ရိုးရာယဉ်ကျေးမှုသင်္ကြန်ကာလတွင် ပြည်သူများသည် နေ့ဘက်တွင် တစ်နေ့လုံးသင်္ကြန်ပွဲတော်ကို ပါဝင်ဆင်နွှဲခဲ့ကြသကဲ့သို့ ညချမ်းချိန်ခါတွင်လည်း ကမ္ဘောဇ အလှပြယာဉ်၊ ရွက်နုဝေအလှပြယာဉ်၊နွေရုပ်လွှာအလှပြယာဉ်၊ ရွှေရင်အေးအလှပြယာဉ်၊ မြစ်ဖျားဇော်ဂျီ ရဿဝတီ အလှပြယာဉ်နှင့် လွိုင်လင်မောင်မယ် အလှပြယာဉ်များက မြန်မာမှုရိုးရာ ယဉ်ကျေးမှုကို ဖော်ကျူးလျက် ပါဝင်ယှဉ်ပြိုင်ကြသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်တွင် တိုင်းရင်းသား ပြည်သူများသည် စည်းလုံးညီညွတ်စွာ ထက်သန်သောစေတနာ၊ သဒ္ဓါတရားနှင့် ကောင်းမှုကုသိုလ် အစုစုကို ယဉ်ကျေးမှုဓလေ့ထုံးတမ်း အစဉ်အလာအဖြစ် ဆက်လက် ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသည် ထို့ပြင် ဒေသခံတိုင်းရင်းသားပြည်သူများသည် အေးချမ်းတည်ငြိမ်ပျော်ရွှင်ချမ်းမြေ့စွာ မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်ကို ခြိမ့်ခြိမ့်သဲ တပျော်တပါး ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သတင်းရရှိ သည်။

(သတင်းစဉ်)

- ❑ မျိုးချစ်စိတ်ဓာတ် ထက်သန်သူတိုင်း . . .
- ❑ လုံးဝလွတ်လပ်ရေးကို မြတ်နိုးသူတိုင်း . . .
- ❑ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို လိုလားသူတိုင်း . . .
- ❑ နယ်ချဲ့စွက်ဖက်မှုနှင့် နယ်ချဲ့သြဇာခံအဖြစ်ကို မလိုလားသူတိုင်း . . .
- ❑ နယ်ချဲ့ကြိုးဆွဲရာကမည့် ရုပ်သေးအစိုးရ ပေါ်ပေါက်လာမည်ကို လက်မခံနိုင်သူတိုင်း . . .

ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းကို တစ်ခဲနက် ထောက်ခံမဲပေးကြစို့။

- ● ဒါနသီလ ဘာဝနာ
  ကောင်းမှုပြုကြ အစဉ်အလာ။
- ● သဒ္ဒါချစ်ပန်း လန်းကြည်မွေ့
  မြန်မာနှစ်ဆန်း တစ်ရက်နေ့။

- ● မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
  ဆူပူမှုဖြင့် ဒီမိုကရေစီ မရနိုင်။
  အခြေခံဥပဒေဖြင့်သာ
  ဒီမိုကရေစီ ရနိုင်သည်။

- ● ဒို့အနာဂတ် ဒို့ဖန်တီးဖို့
  အခြေခံဥပဒေ အတည်ပြုစို့။

နေပြည်တော်ငလိုက်ကန်သာ အပန်းဖြေဥယျာဉ် စခန်းတွင် ရေချိုးဆိပ်၌ ရေကစားသူများ၊ ရေချိုးအနားယူကြသူများ၊ ရေလွှာလျှောစီးသူများ၊ အပန်းဖြေ အနားယူသူများဖြင့် စည်ကားစွာ တွေ့ရစဉ်။ (သတင်းစဉ်)

မဟာသင်္ကြန်အတက်နေ့တွင် နေပြည်တော်ပျဉ်းမနား၊ နေပြည်တော်တပ်ကုန်းနှင့် နေပြည်တော်လယ်ဝေးတို့တွင် ရေကစား အပန်းဖြေသူများဖြင့် စည်ကားများပြား



နေပြည်တော် ဧပြီ ၁၆

မြန်မာလူမျိုးတို့၏ နှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော်ကို နှစ်သစ်ကူးတန်ခူးလတွင် နှစ်စဉ်နှစ်တိုင်း ပျော်ရွှင်စွာ ဆင်ယင်ကျင်းပ ဆင်နွှဲလျက်ရှိရာ ယခုနှစ် မဟာသင်္ကြန်အတက်နေ့ နောက်ဆုံးနေ့တွင် အေးချမ်းပျော်ရွှင်စွာ ရေပက်ကစား အပန်းဖြေ အနားယူသူများဖြင့် စည်ကားများပြားလျက်ရှိကြောင်း တွေ့ရှိရသည်။

နေပြည်တော် မဟာသင်္ကြန်အတက်နေ့ ရေကစားကြရာတွင် နေပြည်တော်ပျဉ်းမနား ဗိုလ်ချုပ်လမ်းတစ်လျှောက်နှင့် လမ်းသွယ်များရှိ ရေကစားမဏ္ဍပ်များ၌ မြူးမြူးကြွကြွ တေးသီချင်းများဖြင့် တပျော်တပါး ပျော်ရွှင်မြူးထူးစွာ ရေကစားကြသည်။

ထို့အတူ နေပြည်တော်လယ်ဝေးရှိ ရေကစားမဏ္ဍပ်များ၌ တေးသံသာများဖြင့် အေးချမ်းပျော်ရွှင်စွာ ရေကစားကြသူများဖြင့် စည်ကားလျက်ရှိသည်။

အလားတူ နေပြည်တော်တပ်ကုန်းရှိ ရေကစားမဏ္ဍပ်များ၌လည်း ရေကစားကြသူများဖြင့် စည်ကားလျက်ရှိကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✧

- ● ဒီမိုကရေစီ ရရှိဖို့
  မဲရုံသွား၍ မဲပေးစို့။

- ● ဒီမိုကရေစီ ထွန်းကားရေး
  အခြေခံဥပဒေ အတည်ပြုပေး။